# မြဝတီ နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၄၅) ■ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ် ရှိကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းတရားမှန်ကို သိကုန်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## မော်တော်ယာဉ်မောင်းနှင်မှုအား “စုံ” ရက်၊ “မ” ရက်ခွဲခြားမှုမရှိဘဲ

## ပုံမှန်အတိုင်းပြန်လည်မောင်းနှင်နိုင်ပါကြောင်း ပြည်သူသို့အသိပေးကြေညာချက်ထုတ်ပြန်ခြင်း

နေပြည်တော် စက်တင်ဘာ ၉

၁။ ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးတို့အတွက် “စုံ” ရက်များတွင် စုံနံပါတ်အက္ခရာပါသောယာဉ်များနှင့် “မ” ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင်အသုံးပြုရန် ပြည်သူသို့ အသိပေးကြေညာချက်များကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ စက်သုံးဆီသုံးစွဲမှုသည် ပုံမှန်တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာပြီး ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် လည်ပတ်စေရန်တို့အတွက် အထက်ပါထုတ်ပြန်ခဲ့သည့် ပြည်သူသို့ အသိပေးကြေညာချက်များအား ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှစတင်၍ ပယ်ဖျက်လိုက်သည်။

၃။ မော်တော်ယာဉ်များအား “စုံ” ရက်၊ “မ” ရက် ခွဲခြားမောင်းနှင်မှုအစား ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ပါကြောင်းနှင့် နိုင်ငံ၏စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းစနစ်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော “စုံ” / “မ” ရက်စနစ်– QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဝယ်ယူရန် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်သမ္မတရုံး

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ

စာမျက်နှာ ၁၁ ကော်လံ ၁ ●



နယ်မြေခံတပ်မတော်သားများက ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၉-၉-၂၀၂၆

| | |
|---|---|
| ကျိုက္ခမီ | ၄ ဒသမ ၀၉ လက်မ |
| မင်းကင်း | ၃ ဒသမ ၁၅ လက်မ |
| ချောင်းဆုံ | ၂ ဒသမ ၉၅ လက်မ |
| ကွမ်းခြံကုန်း | ၂ ဒသမ ၈၇ လက်မ |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၂ ဒသမ ၈၃ လက်မ |
| ဖျာပုံ | ၂ ဒသမ ၇၆ လက်မ |
| သပိတ်ကျင်း | ၂ ဒသမ ၅၆ လက်မ |

**ယနေ့ မြဝတီ ဖတ်စရာ**


Green City တည်ဆောက်ရေးတွင် Green MSMEs များ၏ အခန်းကဏ္ဍ စာ – ၁၂ သို့

ခရီးသည်တင်မော်တော်ယာဉ် ၃၅၂၅ စီး၊ ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ် စာ – ၁၅ သို့

မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရေရှုခင်းသာ (Ayeyarwady River View Point Pavilion) ဖွင့်လှစ် စာ – ၁၀ သို့


## ဝဲန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက်(၁၉)ခုနှင့်ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုများကြောင့် ဝဲန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့်

စာမျက်နှာ ၁၁ ကော်လံ ၄ ➤



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ နုန်းများဖယ်ရှား ရှင်းလင်းပေးစဉ်။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း–အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း–ဩရိသပြည်နယ်တောင်ပိုင်းကမ်းခြေတို့တွင် စက်တင်ဘာလ ၁၁ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/ဇလ)

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်

# နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏တာဝန်

မြန်မာနိုင်ငံသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းလျက်ရှိသည်။ နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့စုပေါင်းနေထိုင်လျက်ရှိသည့်အတွက် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့်တည်ဆောက်ထားသည်။

ယခုအခါ ပြည်သူများတစ်ခဲနက်ရွေးချယ်ထားသည့် တတိယအကြိမ် ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးကဏ္ဍအားလုံးတွင် ဖွံ့ဖြိုးတိုးတက်စေပြီး မြန်မာနိုင်ငံကို ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့လှမ်းတက်နိုင်ရေးကို အဓိကအလေးထားဆောင်ရွက်နေခြင်းဖြစ်ရာ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးမှာ မရှိမဖြစ်ရှိနေရမည့်အရာဖြစ်သည်။

တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝဆောင်ရွက်နိုင်ရန်မှာ နိုင်ငံသားအားလုံးက စစ်ပညာသင်ကြားတတ်မြောက်ထားပြီး နိုင်ငံတော်ကာကွယ်ရေးသဘောတရားများကို သိရှိနေရမည်ဖြစ်သည်။ နိုင်ငံတော်၏အမျိုးသားရေးတာဝန်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို နိုင်ငံသားအားလုံးက တပ်မတော်နှင့်အတူလက်တွဲ၍ ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်နေခြင်းဖြစ်ပေရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၂၈)သို့ပင်ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၈၅ တွင် **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်”**ဟူ၍ ပြဋ္ဌာန်းထားသည်။ ထို့ပြင် ပုဒ်မ ၃၈၆ တွင် **“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်”**ဟူ၍လည်း ပြဋ္ဌာန်းထားသည်။ ထိုသို့ ပြဋ္ဌာန်းထားသည်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာ့အလယ် ထည်ဝါစွာနေထိုင်နိုင်ရေးဖြစ်သည်။

ထိုသို့ထည်ဝါစွာနေထိုင်နိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့်ပြည်သူ့စစ်မှုထမ်းဥပဒေအတွင်း အကျုံးဝင်သူနိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ စစ်ပညာသင်ကြားတတ်မြောက်ထားသူများ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ပြီးမြောက်သူများရှိနေပြီဆိုပါက နိုင်ငံတော်တွင် အရေးကိစ္စပေါ်ပေါက်လာပါက အချိန်မဆိုင်း စုစည်းကာကွယ်နိုင်ကြမည်ဖြစ်သည်။

တပ်မတော်သည်ပင် နိုင်ငံ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာသည့်တပ်မတော်ဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ ပြည်သူများမှ ပေါက်ဖွားလာသူများသာဖြစ်သည်။ နိုင်ငံတော်ကိုချစ်သူတိုင်း၊ နိုင်ငံတော်ကိုကာကွယ်လိုသူတိုင်း မိမိတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်သို့ဝင်ရောက်အမှုထမ်းကြသည်။ မိမိနိုင်ငံတော်၏ ပိုင်နက်နယ်မြေ၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်နေခြင်းမှာ အလွန်ပင်မွန်မြတ်သောတာဝန်ဖြစ်သည့်အတွက် တပ်မတော်သားများ၊ ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံနေကြာ ဧက ၃၁၀၀၀ ကျော် စိုက်ပျိုးမည်

**စစ်ကိုင်း စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၃၁၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

“ဒီနှစ် စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်နေကြာသီးနှံ ဧက ၃၁၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များတယ်။ နေကြာကိုဆောင်းမှာပဲအဓိကထားစိုက်ကြတာပါ”ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေး သင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်သွားမည် ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

**ပျော်ဘွယ် စက်တင်ဘာ ၉**

မန္တလေး တိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါး၏အန္တရာယ်နှင့် ဆိုးကျိုးများကို သိရှိနားလည်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကင်းဝေးစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစော မွန်က ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ယခုအချိန်သည် ပညာသင်ယူပြီး မိမိတို့၏ အနာဂတ်ဘဝအတွက် အခြေခံကောင်းများ တည်ဆောက်ရမည့် အချိန်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝတို့အပေါ် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်သိရှိ ကာကွယ်ရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ ပညာရေးနှင့် အနာဂတ်ဘဝအပေါ် ထိခိုက်နိုင်မှုအကြောင်းများကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**ကျော်စွာထက်(ပျော်ဘွယ်)**

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၉-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ


မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

“ဆရာမက အင်္ဂလိပ်လိုတတ်သလား”

“ကျွန်မ နည်းနည်းသင်ဖူးပါတယ်”

“ဘယ်နှတန်းအောင်သလဲ”

“၇ တန်းအောင်ပါတယ်”

“တော်ပါရဲ့၊ တော်ပါရဲ့ ဒါနဲ့ ဟဲ့ ... မိမိရီ၊ နင့်သမီး မမကြီးပါ အင်္ဂလိပ်စာသင်မလို့လား”

“ဟုတ်တယ်ဖေဖေရဲ့”

“တယ်နေရာရှာတယ်ကွယ်၊ မြန်မာလိုဆိုရင် တော်ရောပေ့၊ မိန်းကလေးက ဘာလုပ်ဖို့လဲ အင်္ဂလိပ်စာ”

“ဘာပြုလို့လဲ ဦးရယ်၊ တတ်ရင်ကောင်းတာပဲမဟုတ်ဘူးလား" ဟု မောင်ထွန်းမြတ်ကမေးလျှင်–

“ဘာပြုရမလဲကွဲ့၊ မင်းမသိဘူးလား၊ ဒီကဆရာမက အင်္ဂလိပ်စာတတ်လို့ ပြောရမှာက မကောင်းပါဘူး"

“ပြောစရာရှိရင်ပြောပါ၊ ကိစ္စမရှိပါဘူး”

“မိန်းကလေးတိုင်းတော့ မဟုတ်ပေဘူးပေါ့လေ၊ အများအားဖြင့်ပြောပါတယ်၊ မိန်းကလေး အင်္ဂလိပ်စာတတ်မှဖြင့် ဗိုလ်စိတ်ပေါက်ကရောကွဲ့၊ မိန်းမနဲ့ယောကျ်ား အတူတူပဲ ဘာပဲဖြစ်လာရော၊ တော်တော်ကြာတော့ ဗိုလ်နဲ့ရတာမဟုတ်ဘူး၊ မြန်မာနဲ့ရတာ၊ ဒီတော့ သူ့စိတ်က ဗိုလ်စိတ်ဖြစ်နေတော့ ယောကျ်ားကို စိတ်တိုင်းမကျဘူး၊ ယောကျ်ားကလည်း သူ့စိတ်တိုင်းမကျဘူး၊ တခြားဟာမကြည့်နဲ့လေ၊ မောင့်အရင် မိန်းမကြည့်လေ၊ အင်္ဂလိပ်စာတတ်လို့ ဒီလိုလုပ်တာမဟုတ်ဘူးလား၊ အင်္ဂလိပ်စာမတတ်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူးဟေ့၊ ဒါနဲ့ မင်းတို့က အိမ်ဘာလာပြောနေကြသလဲကွဲ့”

“ဖေဖေတောသွားရင် မေမေ့ဒီခေါ်ထားမလို့” ဟု မိမိရီကပြောလေ၏။ မောင်ထွန်းမြတ်ကလည်း “ဟုတ်တယ်ဦးရေ၊ ဒေါ်ဒေါ်တော့ ခေါ်ရလိမ့်မယ်၊ အသာတကြည်နဲ့မရရင် အတင်းပဲ”

“ဟေ့ ... အိမ်မှာ မင်းတို့ဒေါ်ဒေါ်ရော၊ ငါရော နှစ်ယောက်စလုံးမရှိလို့ ဘယ့်နှယ်လုပ်မလဲကွဲ့၊ ဖြောင်းဆန်ကုန်မှာပေ့၊ မင်းတို့လူငယ်တွေက ဘာမှသိတတ်တာမဟုတ်ဘဲကိုး”

“သိတတ်ပါတယ် ဖေဖေရယ်၊ အိမ်ကအစေခံတွေက စိတ်ချလောက်တဲ့ဟာချည်းပါပဲ၊ ဖေဖေတို့မရှိပေမယ့် ကိစ္စမရှိပါဘူး”

“မင်းတို့က ဒီလောက်ခေါ်ချင်ရင် ငါရှိတုန်းခေါ်ပါလားကွဲ့၊ ဒါဖြင့်”

“ဒီလိုဆိုတော့၊ မေမေက ဖေဖေ့ကို တစ်ယောက်တည်းပစ်ပြီး လာမှာမဟုတ်ဘူး၊ ဖေဖေကလည်း အသိသားနဲ့၊ မေမေ့လိုဟာတော့ရှားပါတယ်၊ နောက်များ နှစ်ကြာလို့မေမေ့ ၁၀ ပုံပုံ တစ်ပုံလောက်ကျွန်မရှိရင် ကိုထွန်းမြတ်က ကိုယ့်ကိုယ်ကိုယ် ကံကောင်းလှပြီမှတ်ပေဦးတော့" ဟု မောင်ထွန်းမြတ်အား ကြည့်၍ပြောလျှင် မောင်ထွန်းမြတ်လည်း ဦးခေါင်းကိုညိတ်လျက်ပြုံးလေ၏။ ယင်းနောက် မိမိရီက ဖခင်အား “ဖေဖေကလည်း ဖေဖေထင်သလိုချည်းပဲ အခါတိုင်းလုပ်နေတယ်၊ ကျွန်မတို့အလိုများ တစ်ခါတလေ လိုက်ပါဦးတော့ ဖေဖေရယ်၊ မေမေ့ကို ကျွန်မ ဒီအကြောင်း ဒီကနေ့ပြောကြည့်တော့ ဝမ်းသာရှာတယ်၊ မေမေကလည်း လာချင်ရှာပါတယ် ဖေဖေရယ်၊ အိမ်ကဟာတွေကလည်း စိတ်ချရပါတယ်၊ မေမေလာပါစေ”

“စိတ်ချရပါတယ် ဖြောင်းဆန်ပြီးသားပါပဲ”

“ဒေါ်ဒေါ်က လာချင်ရှာတယ်၊ ဒေါ်ဒေါ်လည်း ကြည့်ပါဦး ဦးရဲ့၊ တစ်ယောက်တည်း အင်မတန်ပျင်းရှာမယ်”

“ငါသိပါတယ်၊ ဟိုအကောင်ကလေးအကြောင်း စဉ်းစားနေတာပဲ၊ ငါသိပါတယ်"

“ဘာပဲပြောပြော၊ ဦးအပေါ်မှာတော့ အင်မတန်တော်ရှာပါတယ် ဦးရယ် ဒေါ်ဒေါ်က”

“ဘယ်သူက မတော်ဘူးပြောလို့လဲ”

“ဒါဖြင့် ဒီမှာခဏလာနေရှာပါစေ ဦးရယ်၊ သမီးနဲ့အတူလာနေရရင် ဒေါ်ဒေါ်အများကြီးကျန်းမာသွားမယ်၊ ဒေါ်ဒေါ်က မိမိရီကို အင်မတန်ချစ်တယ်”

“ဒီကောင်မကလေးမျိုး သူမို့လို့ချစ်တာကွယ်၊ သူက အခု ငါ့လက်ကလွတ်လို့ ကြွစောင်းစောင်းနဲ့ မျက်နှာကြောမတည့်ပါဘူး”

“ဦးလက်ကလွတ်ပေမယ့် ကျွန်တော့်လက်မှာပဲ ဦးရယ်၊ မတော်တာရှိ ကျွန်တော်ကြည့်မနေပါဘူး”

“ငါသိပါတယ် မင်းလား၊ မင်းအလိုလိုက်တာနဲ့ ဒီကောင်မကလေးသာပျက်မှာ၊ ငါသိတယ်ကွဲ့ မင့်သဘောကို”

ခင်စိန်ကြည်သည် ထိုကဲ့သို့ သားအဖသုံးယောက်တို့ ပျော်ရွှင်ဖွယ်ရာစကားများ ပြောဆိုနေကြသည်ကို ကုလားထိုင်ပေါ်တွင်ထိုင်လျက် နားထောင်နေရာမှထ၍ မိမိရီထံ အခွင့်တောင်းပြီးလျှင် အိမ်ပေါ်သို့တက်သွားလေ၏၊ အခန်းပေါက်တွင် မိနှစ်နှင့်တွေ့၍ ကလေးများအိပ်သောအခန်းကိုမေးရာ မိနှစ်က အနီးရှိအခန်းပေါက်တစ်ခုကို လက်ညှိုးညွှန်ပြ၍ အိမ်အောက်သို့ဆင်းသွားလေလျှင် ခင်စိန်ကြည်သည် အခန်းကို ဖြည်းညင်းစွာဖွင့်၍ ခြေဖျားထောက်လျက် အခန်းထဲသို့ ဝင်သွားလေ၏။



ကလေးသုံးယောက်တို့သည် ခုတင်တစ်လုံးစီနှင့်အိပ်ပျော်နေကြသည်ကိုတွေ့လျှင် နဖူးကိုငုံ၍ တစ်ကြိမ်စီနမ်းလိုက်ပြီးမှ မကျန်းမာသူ ခင်မောင်ကြီး၏ ခုတင်အနီးတွင် ဒူးထောက်လျက် လက်ကလေးကို ဖြည်းညင်းစွာကိုင်ကာ မျက်နှာကိုသေချာစွာကြည့်လျက်နေစဉ် မစောသည် ရုတ်တရက်အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုအခါ ခင်စိန်ကြည်သည် ပျာယီးပျာယာနှင့် ထိုင်ရာမှထ၍ “ခင်မောင်ကြီး နေမကောင်းဘူးဆိုလို့ စိုးရိမ်လို့လာကြည့်တာ သူ့ဖေဖေကလည်း သူ့အတွက် စိုးရိမ်ရှာတယ်” ဟုပြောလျှင်–

“ကိစ္စတော့ ရှိနိုင်မယ်မထင်ပါဘူး ဆရာမရယ်၊ ကျွန်မလည်း သူ့မေမေမှာ သွားရှာလို့ အင်မတန်ဂရုစိုက်တာပဲ” ဟု မစောကပြန်ပြောလျှင် ခင်စိန်ကြည်မှာ မိမိစိတ်ကို မိမိမယုံနိုင်သဖြင့် “သွားဦးမယ်” ဟုနှုတ်ဆက်၍ မိမိအခန်းတွင်းသို့ ဝင်သွားပြီးလျှင် တွေးတောကာ တငိုတည်းငိုနေရှာလေ၏။

■ ■ ■ ■ ■

**အခန်း(၂၈)**

ဝန်ထောက်မင်း တောသို့ထွက်သွားသည့်နေ့၌ မိမိရီသည် မိခင်ကိုခေါ်လာ၍ အိမ်သို့ရောက်လျှင် မောင်ထွန်းမြတ်၏ အစ်မ မဂျမ်းပုံလည်း ယင်းနေ့၌ မောင်ထွန်းမြတ်၏အိမ်သို့ အလည်လာသည်နှင့် ညစာထမင်းစားပြီးလျှင်ပြီးချင်း ကလေးများစာသင်သောအခန်းသို့ ဝင်သွားလေ၏။ ကလေးတို့သည် အိပ်ကြပြီဖြစ်၍ ခင်စိန်ကြည်သည် စားပွဲတွင် တစ်ယောက်တည်း လက်နှစ်ဖက်ဖြင့် မေးထောက်လျက်ထိုင်နေရာ ဝန်ထောက်ကတော်ကြီးက “ဆရာမတစ်ယောက်တည်း ပျင်းနေရှာပြီ” ဟု ကရုဏာဖြစ်သည်နှင့် အခန်းတွင်းသို့ ဝင်လာပြီးလျှင် “ဒီကနေ့ညနေ ဆရာမတယ်နေမကောင်းဘူးကြားတယ်၊ ဘယ့်နှယ်နေသလဲ”

“ကျွန်မ ခေါင်းနည်းနည်းကိုက်တယ်ရှင်”

“သြော်... ဆရာမတစ်ယောက်တည်းပျင်းများနေမလားလို့၊ ဒေါ်ဒေါ် လာမေးတာ”

“ကိစ္စမရှိပါဘူးရှင်၊ ကျွန်မက တစ်ယောက်တည်းနေနေကျမို့လို့ မပျင်းတတ်ပါဘူး”ဟု ခင်စိန်ကြည်က ပြန်၍ပြောလေ၏။ ထို့နောက် ဝန်ထောက်ကတော်ကြီးသည် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက် ခင်စိန်ကြည်၏ သနားဖွယ်ကောင်းသောမျက်နှာကလေးကို စိုက်၍ကြည့်နေရာမှ “တူမကြီးက တော်တော်ဒုက္ခတွေ့ခဲ့ဖူးတယ်မှတ်တယ်” ဟု သာယာညင်းပျောင်းသောအသံဖြင့် မေးလေလျှင် “ဟုတ်တယ်ဒေါ်ဒေါ်ရယ်၊ ကျွန်မက အပူကြီးကြုံခဲ့ရဖူးတယ်"

**ဆက်လက်ဖော်ပြပါမည်။**

## ဝေါမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တစ်သက်စာကျောင်းပြင်ပ အလယ်တန်းပညာရေးအခြေစိုက်စခန်းဖွင့်ပွဲကျင်းပ



**ဝေါ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ (ကန်တော်) ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တစ်သက်စာ ကျောင်းပြင်ပ အလယ်တန်းပညာရေးအခြေစိုက်စခန်းဖွင့်ပွဲကို စက်တင်ဘာလ ၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာက တစ်သက်စာကျောင်းပြင်ပအလယ်တန်းပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းပြင်ပပညာရေးတက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်သည်။

အဆိုပါ တစ်သက်စာ ကျောင်းပြင်ပအလယ်တန်းပညာရေး အခြေစိုက်စခန်း ဖွင့်ပွဲအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ရှေးဟောင်းသမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဖောင်တော်ဦးစေတီ၏(၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတို့ကို စက်တင်ဘာလ ၁၉ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီ ဘုရားအနေကဇာတင်လှူပူဇော်ခြင်း၊ သံဃာတော်များကို ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် အကြီးတန်းနှင့်အငယ်တန်းဟူ၍ နှစ်မျိုးယှဉ်ပြိုင်မည်ဖြစ်သည်။

ဘုရားပွဲတော်သို့ လာရောက်လည်ပတ်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလည်ပတ်နိုင်ရေးအတွက် ဘုရားပွဲတော်ကျင်းပရေးကော်မတီ၏ဦးဆောင်မှုဖြင့် သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်တင်**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏မေးမြန်းမှုများအပေါ် ဖြေကြားချက်မှကောက်နုတ်ချက်)




## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းဖွင့်ပွဲနှင့် ဉာဏ်ရည်တု(AI) အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူ၊ ကိုင်တွယ်အသုံးပြုသူများ၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်သူများအား ဓာတုပစ္စည်းများကို သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်းနှင့် စွန့်ပစ်ခြင်းတို့တွင် လိုက်နာရမည့် လုံခြုံရေးဆိုင်ရာ နည်းလမ်းများကို သိရှိနားလည်ပြီး လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်ရန်၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သည့် အခြေအနေကိုကြိုတင်ခန့်မှန်းသိရှိနိုင်စေရန်၊ ထိုအန္တရာယ်များကို စနစ်တကျတားဆီးကာကွယ်နိုင်သည့် အသိပညာများ ရရှိစေရန်နှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များအား သိရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်အသုံးပြုခြင်းနှင့်စွန့်ပစ်ခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် "လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (Occupational Safety and Health – OSH)" ကို အထူးအလေးထား ဆောင်ရွက်ရန် မှာကြားဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင်လည်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် (Fed.MES) တို့ ပူးပေါင်းဆောင်ရွက်သည့် ဉာဏ်ရည်တုအသုံးချနည်းပညာမြှင့်တင်ရေး အစီအစဉ်ဖြစ်သော MSME များအတွက် ဉာဏ်ရည်တုဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲ (AI Awareness Webinar) သို့ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဉာဏ်ရည်တု (AI)နှင့် အကြောင်းအရာအသစ်များ ဖန်တီးနိုင်သည့် ဉာဏ်ရည်တု (Generative AI)၊ ဉာဏ်ရည်တုနှင့် စက်မှုအလိုအလျောက်စနစ် (AI နှင့် Auto–mation)၊ ASEAN MSME များတွင် ဉာဏ်ရည်တု(AI) ကို လက်တွေ့အသုံးချနေမှု၊ ဈေးကွက်ရှာဖွေရေး၊ ဖောက်သည်ဝန်ဆောင်မှုကုန်ပစ္စည်းလက်ကျန်နှင့် စာရင်းကိုင် စသည့် လုပ်ငန်းကဏ္ဍများတွင် အသုံးချနိုင်သည့် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုရန် ထုတ်လုပ်ထားသော ဉာဏ်ရည်တု (AI) ပါဝင်သည့် ဆော့ဝဲ/ အက်ပလီကေးရှင်းများ (Business AI Tools) များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့်လခြမ်းနီ အသင်းခေါင်းဆောင်များ ဒုတိယနေ့အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့်လခြမ်းနီ အသင်းခေါင်းဆောင်များ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့အစည်းအဝေးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလူမှုဆက်ဆံရေး (Humani–tarian Diplomacy) မြှင့်တင်ရေးနှင့် လူမှုကရုဏာအခန်းကဏ္ဍတွင် တင်ပြခြင်း၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများမှ တစ်ဆင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်မှု၊ အရှေ့တောင်အာရှဒေသအတွင်းကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုအနေဖြင့် တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ICRC နှင့် IFRC ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်ဆွေးနွေးခြင်းအပါအဝင် Hanoi Call for Action အကောင်အထည်ဖော်မှုတိုးတက်ချက်များ၊ အရှေ့တောင်အာရှဒေသအတွင်း အမျိုးသမီးများ၏ ခေါင်းဆောင်မှုအခြေအနေများနှင့် Statement ကို ဆွေးနွေးအတည်ပြုပြီး လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ကြပြီး လာမည့် (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံမည့် ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအသင်းသို့တာဝန်လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်ထင်လေးနှင့် အလုပ်အမှုဆောင်များ၊ အရှေ့တောင်အာရှနိုင်ငံများမှ



နိုင်ငံတော်၏ အရန်အင်အား (Auxiliary Role) အပေါ် နားလည်မှု ပိုမိုခိုင်မာစေရေးတို့အတွက် အရှေ့တောင်အာရှ အမျိုးသားအသင်းများအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ (၅) ကြိမ်မြောက် ကြက်ခြေနီနှင့် လခြမ်းနီ လူငယ်ဖိုရမ်မှ ထွက်ပေါ်လာသည့် ရလဒ်များနှင့် လူငယ်များ၏အမြင်များကို အသင်းဦးဆောင်သူများထံ တိုးတက်မှုများ၊ IFRC ၏ကောင်းမွန်သော အုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် အရှေ့တောင်အာရှ အမျိုးသားအသင်းများ၏ ပါဝင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးလက်ခံကျင်းပသည့် အိမ်ရှင်နိုင်ငံများက ထုတ်ပြန်လေ့ရှိသည့် Statement များနည်းတူ Yangon ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များနှင့်တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် အခြားဖိတ်ကြားထားသည့်မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြဝတီ

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅˚c / | ၃၄˚c |
| ရန်ကုန် | ၂၅˚c / | ၃၃˚c |
| မန္တလေး | ၂၆˚c / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေသြဇာထယ်ထိုးမြှုပ်နှံ တောင်သူပညာပေး လက်တွေ့သရုပ်ပြသ



**ကွန်ဟိန်း စက်တင်ဘာ ၉**

စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတည်တံ့ခိုင်မြဲစေရန်နှင့် တောင်သူများ၏စိုက်ပျိုးမြေများ မြေဆီလွှာအရည်အသွေး ပိုမိုကောင်းမွန်လာစေရန် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြှုပ်နှံခြင်း တောင်သူပညာပေး လက်တွေ့သရုပ်ပြသခြင်းကို စက်တင်ဘာလ ၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် မြို့မကျေးရွာအုပ်စု သိန်းဖျံကျေးရွာရှိ တောင်သူဒေါ်နန်းနွမ်း၏ စံပြစိုက်ခင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် ကွန်ဟိန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်တို့က မိမိတို့ဒေသရှိ စိုက်ပျိုးမြေများ ရေရှည်အာဟာရပြည့်ဝနေစေရေးအတွက် ဓာတုမြေသြဇာအလွန်အကျွံသုံးစွဲခြင်းကို လျှော့ချပြီး သစ်စိမ်းမြေသြဇာများကို စနစ်တကျပြောင်းလဲသုံးစွဲကြရန် လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် ယခုကဲ့သို့ လက်တွေ့သရုပ်ပြပွဲများမှတစ်ဆင့် ရရှိလာသည့် စိုက်ပျိုးရေးနည်းပညာကောင်းများကို မိမိတို့၏စိုက်ခင်းများတွင် ထိရောက်စွာ အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်က ယခုကဲ့သို့ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြှုပ်နှံခြင်းဖြင့် မြေဆီလွှာအတွင်း သီးနှံများအတွက်လိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို သဘာဝအတိုင်း အများအပြားဖြည့်တင်းပေးနိုင်ခြင်း၊ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိကိုကောင်းမွန်စေပြီး ရေထိန်းအားနှင့် လေဝင်လေထွက်ကို တိုးတက်ကောင်းမွန်စေခြင်း၊ ဓာတုမြေသြဇာသုံးစွဲရမှုကို လျှော့ချပေးနိုင်သည့်အတွက် တောင်သူများ၏ စိုက်ပျိုးစရိတ်ကို သိသာစွာသက်သာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် စံပြစိုက်ခင်းအတွင်း မြေဆီလွှာတိုးတက်ကောင်းမွန်စေရေးအတွက် ပိုက်ဆံလျှော်ပင်များ ထယ်ထိုးမြှုပ်နှံခြင်း ဆောင်ရွက်ရာ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

ခွန်ရဲထွေး

# ပြည်ပသို့ တစ်လတာကာလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းလေးသောင်းကျော်တင်ပို့ထား

**ရန်ကုန် စက်တင်ဘာ ၉**

ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဩဂုတ်လတစ်လတာကာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅၉ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းလေးသောင်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

အဆိုပါ ဩဂုတ်လတစ်လတာကာလအတွင်း မြန်မာ့ဆန်နှင့် ဆန်ကွဲကို ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် ပြည်တွင်းရှိ ပုဂ္ဂလိကပို့ကုန်ကုမ္ပဏီ ၄၈ ခုက ပင်လယ်ရေကြောင်းပို့ဆောင်ရေးမှ အဓိကထားတင်ပို့ခဲ့ခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် ဆန်တန်ချိန် ၁၂၅၈၃၀ နှင့် ဆန်ကွဲ ၂၂၇၁၈ တန်တင်ပို့ခဲ့ခြင်းဖြစ်ပြီး ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၉ သန်းရရှိခဲ့သည်။

ပြည်တွင်းမှ ဆန်နှင့်ဆန်ကွဲများကို ပြည်ပသို့ ပုံမှန်တင်ပို့လျက်ရှိပြီး ဩဂုတ်လအတွင်း နိုင်ငံအလိုက် ဆန်တင်ပို့မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ၁၀၆၅၁၂ တန်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ကာ တရုတ်၊ ဘယ်လ်ဂျီယံ၊ ပိုလန်နိုင်ငံတို့အပါအဝင် စုစုပေါင်း ၂၁ နိုင်ငံသို့ တင်ပို့ခဲ့သည်။

ပြည်တွင်းမှ ပုဂ္ဂလိကကုမ္ပဏီ ၅၀ ခန့်က တရုတ်၊ ဖိလစ်ပိုင် စသည့် အာရှဒေသတွင်းနိုင်ငံများအပြင် ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ လစဉ် ဆန်နှင့်ဆန်ကွဲများ တင်ပို့လေ့ရှိသည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲကို ဘဏ္ဍာနှစ်အလိုက် ပိုမိုတင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနနှင့် ကုမ္ပဏီများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ကလည်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၂၇၄၀၇၃၉ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဝါဝါ

# လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

**မြို့သစ် စက်တင်ဘာ ၉**


မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် အိမ်တွင်းအသေးစားတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းကို စက်တင်ဘာလ ၈ ရက်က အိုင်တို(တ) ကျေးရွာ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းနှင့် မြို့သစ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်တို့က အမှာစကားများပြောကြားကြပြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမက သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာများနှင့် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာဆီ၊ ဆပ်ပြာခဲအမျိုးမျိုးနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းများကို ကျွမ်းကျင်နည်းပြဆရာမများက စက်တင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**အိပိုးပိုး**






# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး

**ပျော်ဘွယ် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါး၏အန္တရာယ်နှင့်ဆိုးကျိုးများကို သိရှိနားလည်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုမှကင်းဝေးစေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၉ ရက်တွင် မြို့နယ်လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝတို့အပေါ် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်သိရှိကာကွယ်ရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ ပညာရေးနှင့် အနာဂတ်ဘဝအပေါ် ထိခိုက်နိုင်မှုများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်စွာထက်(ပျော်ဘွယ်)**



## သံအမတ်ကြီး ဦးမင်းသိမ်း ကူဝိတ်နိုင်ငံ အကြီးအကဲထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၉

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိမ်းသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ကူဝိတ်မြို့ရှိ ဘယန်နန်းတော်၌ ကူဝိတ်နိုင်ငံဘုရင် ရှိတ် မီရှာ အယ်လ်-အာမက် အယ်လ်-ဂျာဘား အယ်လ်-ဆာဘားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

မြဝတီ

## ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်အေးချမ်းမှုနှင့် တိုက်ရိုက်အချိုးကျသည့်အတွက် ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်

လှိုင်ကော် စက်တင်ဘာ ၉

ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်အေးချမ်းမှုနှင့်တိုက်ရိုက် အချိုးကျသည့်အတွက် ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင်မိုင်းလုံးဘုန်းတော်ကြီးကျောင်း၌ လှိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်၊ ရွာတန်းရှည်ရပ်ကွက်နှင့် ပန်ကန်းကျေးရွာအုပ်စု၊ စိုက်ကွင်း



သုံး၊ မှုံပြာနှင့် ဒေါဆန်းဘွန်း ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။

ထို့အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်တွင် အဆိုတင်သွင်းနိုင်မှုတို့ကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူများက ရပ်ကွက်/ကျေးရွာအလိုက်လိုအပ်ချက်များကို တင်ပြဆွေးနွေးမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့်ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်း အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် အဲဒိုပေါ်မီ ခေါ် ဒီးကူပွဲတော်ကျင်းပမည့် လုပ်ငန်းစဉ်များ၊ စီမံဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများအား နွားနို့ဘူး ၉၇၀၀ ကို သတ်မှတ်အချိန်ကာလအလိုက် တိုက်ကျွေးနိုင်ရန်ရည်မှန်း၍ အကောင်အထည်ဖော်ဆောင်ရွက်

တောင်ကြီး စက်တင်ဘာ ၉

အေးသာယာမြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ကွန်လုံကျေးရွာအုပ်စုရှိရေပူကျေးရွာ အထက(ခွဲ)နှင့် ကျောက်နီကျေးရွာအုပ်စု ကျောက်နီကျေးရွာ အထက(ခွဲ)၊ စုစုပေါင်းကျောင်း သုံးကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၂၃၅၃ ဦးတို့အတွက် ၂၀၂၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ဒီဇင်ဘာလအထိ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ပေါင်းတင်ပိုးသတ်ပြီး အသင့်သောက် နွားနို့ ၃၀၀ စီစီ/ ၁၈ ဒသမ ၅ ကျပ်သားရှိ နွားနို့ဘူး ၉၇၀၀ ကို သတ်မှတ်အချိန်ကာလအလိုက် တိုက်ကျွေးနိုင်ရန် ရည်မှန်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။



၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများအား နွားနို့တိုက်ကျွေးခြင်း “School Milk Program” ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ်အေးသာယာမြို့ အမှတ်(၁) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားသည် တောင်ကြီးမြို့နယ်အတွင်းရှိ "School Milk Program" အစီအစဉ်ဖြင့် ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရပြည့်ဝမှုနှင့် ကျန်းမာဖွံ့ဖြိုးမှုကို အားပေးရန်ရည်ရွယ်၍ ပေါင်းတင်ထိုးသတ်ပြီး အသင့်သောက်နွားနို့များအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်းစတင်၍ တိုက်ကျွေးဆောင်ရွက်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက အသင့်သောက်နွားနို့များကို ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအားပေးအပ်ကြသည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးသာယာရှိ ပေ ၉၀ ၊ ၃၀ (၁) ထပ် RCC စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ အေးသာယာမြို့ စက်မှုဇုန်ရှိ စုတ်ဖွားရွက်ဖျန်းမြေဩဇာထုတ်လုပ်ရေးစက်ရုံ၌ ရွက်ဖျန်းမြေဩဇာဆေးထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ မြဝတီ

## သံလွင်မြစ်ရေနှင့်စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁ ပေ ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၆ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

(မိုး/ဇလ)

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေး AML/CFT အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်လှစ်

ဘားအံ စက်တင်ဘာ ၉

ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ ကရင်ပြည်နယ်ရွှေလုပ်ငန်းရှင်များအသင်း၊ ကရင်ပြည်နယ်အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှပူးပေါင်းကျင်းပသောငွေကြေးခဝါချမှုတိုက်ဖျက်ရေး AML/CFT အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ဘားအံမြို့ အမှတ်(၃) ရပ်ကွက်ရှိတော်ဝင်ရတနာဟိုတယ်၌ နံနက်ပိုင်းတွင်ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်အေးနှင့်သတ္တုတွင်းညွှန်ကြားရေးမှူး ဦးသာမြတ်ကျော်တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်အေးက ကရင်ပြည်နယ်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာကြီးကြပ်ရေးအာဏာပိုင်မှ အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ညွှန်ကြားချက်(၁/၂၀၂၂)နှင့်အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ညွှန်ကြားချက်(၂/၂၀၂၂)တို့ကို ထုတ်ပြန်ထားပြီး ဖြစ်ကြောင်း၊ ပြည်နယ်အဆင့်ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်အဆင့်ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မှတ်ပုံတင်အဖွဲ့များကိုဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း အိမ်ခြံမြေအကျိုးဆောင်များနှင့်အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်လျှောက်ထားလာသူများကိုလည်း အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာညွှန်ကြားချက်(၁/၂၀၂၂)အခန်း(၂)အပိုဒ်(၃)ပါ အချက်အလက်များ၊ အဖိုးတန်



သတ္တုရောင်းဝယ်သူများဆိုင်ရာ ညွှန်ကြားချက်(၂/၂၀၂၂)အခန်း-၂အပိုဒ်-၃ ပါအချက်အလက်များ ပြည့်စုံမှုရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ဘားအံမြို့နယ်တွင် အိမ်ခြံမြေအကျိုးဆောင် ၉၈ ဦး၊ အဖိုးတန်သတ္တုရွှေရောင်းဝယ်ရေး ၆၉ ဦးနှင့် မြဝတီမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင် ၅၁ ဦး၊ အဖိုးတန်သတ္တုရွှေရောင်းဝယ်သူ ၃၃ ဦးတို့အား အသိအမှတ်ပြု မှတ်ပုံတင်များ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ထပ်မံပြီးလည်း ဘားအံမြို့ရှိအိမ်ခြံမြေအကျိုးဆောင်၃၆ဦး၊ မြဝတီမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင် ခုနစ်ဦး စုစုပေါင်း ၄၃ ဦးနှင့်အဖိုးတန်သတ္တုရွှေရောင်းဝယ်သူ ငါးဦးတို့ကိုလည်းအသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်များထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်မှလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်ပတ်သက်သော ဥပဒေများကို လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများအားလည်းကောင်း၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ FIU မှရဲမှူး ကိုကိုလေးက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကိုလည်းကောင်းပို့ချသင်ကြားသည်။

အဆိုပါသင်တန်းသို့ ကရင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ ကရင်ပြည်နယ်ရွှေလုပ်ငန်းရှင်အသင်း၊ ကရင်ပြည်နယ်အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှသင်တန်းသားဦးရေ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

နိုင်ထွန်း

**မလိုသောမီးများကိုပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

# လက်တွေ့အသုံးချ ဆေးနည်းတို(ဆေးမြီးတို)များ

**မေး။ မင်္ဂလာပါဆရာ။ ကျွန်တော့်အသက် ၄၇ နှစ်ပါ။ ဆီးရွှင်ပြီး ချွေးမထွက်လို့ပါခင်ဗျာ။ ဆီးနဲ့ချွေး ဟန်ချက်ညီအောင် ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ ပျောက်ကင်းသက်သာစေမယ့် တိုင်းရင်းဆေးနည်းလေး သိချင်ပါတယ်ခင်ဗျာ။**

**ဖြေ။** ချွေးထွက်စေဖို့အတွက် လေ့ကျင့်ခန်းတစ်ခုခုလုပ်ဖို့လိုပါတယ်။ လေကောင်းလေသန့်ရတဲ့နေရာမှာ အပြေးလေ့ကျင့်တာ၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်တာတွေကို မိမိအသက်အရွယ်နဲ့ခံနိုင်ရည်ရှိသမျှလုပ်ပေးပါ။ ငရုတ်သီးအစပ်၊ ကြက်သွန်ဖြူနီများများစားပေးရင် ချွေးထွက်စေနိုင်ပါတယ်။

**မေး။ ခြေဖမိုးတွေရောင်ပြီး ခါးကိုက်နေလို့ပါ။ ဆရာဝန်ပြပြီး ဆေးစစ်တော့ ကျောက်ကပ်မကောင်းဘူးလို့ပြောပါတယ်။ မျိုးရိုးမှာလည်း ကျောက်ကပ်ရောဂါဖြစ်သူတွေရှိပါတယ်။ မြန်မာတိုင်းရင်းဆေးနဲ့ ကျောက်ကပ်ကောင်းစေမယ့်နည်းများရှိရင် ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ကျောက်ကပ်ရောဂါက ကျောက်ဖရုံသီးကို အသားချည်းခြစ်ယူ၊ ဖျော်ရည်စက်နဲ့ကြိတ်ပြီး အရည်စစ်ယူ၊ ကော်ဖီတစ်ခွက်စာအရည်မှာ ချင်းကိုကြိတ်၊ အရည်ညှစ်ယူပြီး ဟင်းစားဇွန်းတစ်ဇွန်းထည့်၊ သကြားကို အနည်းငယ်နီအောင်လှော် တစ်ဇွန်းထည့်ပါ။ အဲဒီနည်းအတိုင်း နံနက်၊ ည တစ်နေ့နှစ်ခွက်သောက်ပါ။ သောင်ခုံမှာပေါက်တဲ့ ဟင်းဂလာရွက်ကို သုံးခွက်တစ်ခွက်တင်ကျိုသောက်ပါက ကျောက်ကပ်ဖောရောင်တာပျောက်ပါတယ်။

**မေး။ ဆရာကြီးရှင်။ သွားပိုးစားတာသက်သာစေမယ့် နည်းများရှိပါသလားရှင်။ ကလေးတွေမှာ သွားပိုးပေါက်တွေရှိနေလို့ပါ။ အချိုစားတာလည်း များကြလို့ပါရှင်။**

**ဖြေ။** သွားပိုးစား၊ သွားအခေါင်းပေါက်၊ သွားကိုက်တာဖြစ်ရင် ခရေပွင့်အစိုကိုကြိတ်ပြီး သွားအခေါင်းပေါက်မှာသိပ်ပါ။ ပုဏ္ဏရိက်ပြုတ်ပြီး ငုံပေးပါ။ ကြက်သွန်နီအလယ်ကအူတိုင်ကို ထုတ်ယူပြီး သွားပိုးပေါက်မှာ ဖိပြီးကိုက်ထားပါ။ လေးညှင်းဆီ၊ ငရုတ်ကောင်းဆီကို ဂွမ်းနဲ့တို့ပြီး သွားပိုးပေါက်မှာ သိပ်ထားရင်လည်းရပါသည်။ အစားစားပြီးတိုင်း ဆားရည်နဲ့ပလုတ်ကျင်းပေးပါက သွားကိုက်ခြင်းမှကာကွယ်နိုင်ပါတယ်။

**မေး။ ဆရာကြီးရှင်။ ကျွန်မအသက်က ၅၀ ပါ။ သွေးမဆုံးသေးပါဘူးရှင်။ မျိုးရိုးကလည်း ၅၀ ကျော်မှသွေးဆုံးပါတယ်။ နံနက်အိပ်ရာထချိန်တိုင်း ခြေဖနောင့်နာပါတယ်။ တချို့ကလည်း သွေးဆုံးပြီးရင် ခြေဖနောင့်နာတယ်ပြောကြပါတယ်။ ကျွန်မကသွေးမဆုံးသေးဘဲနာနေလို့ပါရှင်။ တချို့ကလည်း ဖနောင့်အတက်ထွက်နေတယ်ပြောလို့ ကြောက်လို့ပါ။ ဖနောင့်နာသက်သာအောင် ဘာလုပ်ရမယ်ဆိုတာ ပြောပြပေးစေလိုပါတယ်ရှင်။**

**ဖြေ။** ဆား နှစ်ပိဿာဝယ်၊ ဇလုံထဲမှာထည့်ပြီး ဆားနင်းပေးပါ။ ဆားနင်းပြီး ဒူးအထက်ကနေအောက် ရေလောင်းပါ။ သက်ရင်းကြီးရွက်ကို ဆားနဲ့ထောင်း၊ ညအိပ်ရာဝင် ဖနောင့်မှာစည်းအိပ်ပါ။ ၁၄ ရက်ခန့် စည်းပေးပါ။ ပျားရည်လိမ်း ဖနောင့်လုံ အောင်ကြွပ်ကြွပ်အိတ်စွပ်ပြီး နံနက်အိပ်ရာထမှဖြေပါ။ လှေကားအဆင်း၊ အတက်လုပ်တာများရင် ပိုနာတတ်ပါတယ်။ လှေကားအဆင်း၊ အတက်ရှောင်ပါ။ သွေးဆုံးချိန်မှာ အသားစားတာလျှော့ပြီး အသီးအရွက်နဲ့ငါးကိုစားပါ။ အထူးသဖြင့် အနီရောင်အသားရှောင်ပေးရင် ဖနောင့်နာတာသက်သာစေပါတယ်။

**မေး။ ဆရာကြီးရှင်။ ရာသီမလာတာတစ်လပြည့်ပြီး ဆီးစပ်နားကကိုက်နေလို့ ဘာဆေးသောက်ရမလဲ ညွှန်ပေးပါဦးဆရာ။ ရာသီလာတဲ့အခါတွေမှာလည်း သူများတွေလို သုံးရက်မလာဘဲ တစ်ရက်၊ နှစ်ရက်နဲ့ရပ်သွားတတ်ပါတယ်။ မီးယပ်သွေးအားနည်းတယ်လို့ပြောကြပါတယ်။ သွေးအားကောင်းအောင် ဘာဆေးတွေ စားရမလဲ ပြောပြပေးပါရှင်။**

**ဖြေ။** လမ်းများများလျှောက်ပေးပါ။ ခါးအောက်ပိုင်းလေ့ကျင့်ခန်း ပြုလုပ်ပေးပါ။ ရာသီမလာရင် ချင်း၊ ထန်းလျက်ပြုတ်ရည်သောက်ပေးပါ။ မီးယပ်အားဆေးစားလိုလျှင် ကြိတ်မှန်ရွက်လက်တစ်ဆုပ်၊ ရှားစောင်းလက်ပပ်အနှစ် ၁၀ ကျပ်သား၊ မန်ကျည်းမှည့်အနှစ် ၁၅ ကျပ်သား၊ ထန်းလျက်အမည်း ၂၅ ကျပ်သား၊ ဆားလှော် ၃ ကျပ်သားကို မြေအိုးနဲ့မီးနွေးနွေးဖြင့်ချက်ပါ။ နံနက်၊ ည ဟင်းစားဇွန်းတစ်ဇွန်းကနေ နှစ်ဇွန်းစားပါ။ ရေရှည်မှီဝဲပါ။ မီးယပ်ဖောက်ပြန်တဲ့ရောဂါမှန်သမျှ ပျောက်တဲ့ မီးယပ်ချက်ဆေးကြီးဖြစ်ပါတယ်။ စိတ်ဖိစီးမှုများရင်လည်း မီးယပ်သွေးပျောက်သွားတတ်တယ်။ ရှားစောင်းလက်ပပ်က အအေးပါ။ ဖျော်ရည်လုပ်သောက်ရင်လည်းရပါတယ်။

**မေး။ ဆရာကြီးခင်ဗျာ။ ကျွန်တော့်အသက် ၄၃ နှစ်ပါ။ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ကပါဆရာ။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ပါတယ်။ ကျွန်တော်က ပိုးသတ်ဆေးဖိတ်လို့သိမ်းရင်း ဆိုးဆိုးရွားရွားအနံ့တွေကို ဆက်တိုက်ရှူမိပါတယ်။ ရောဂါရနိုင်ပါသလား။ ထူးခြားချက်က တစ်ရက်၊ နှစ်ရက်အတွင်းမှာ လည်ချောင်းယားပြီး ချောင်းတစ်ချက်၊ နှစ်ချက်ဆိုးပါတယ်။ ညဘက်အိပ်နေရင်း ထဆိုးတာပါဆရာ။ အရင်က ဘာချောင်းမှမဆိုးပါဘူး။ ရောဂါရသွားတာလားဆရာ။ ဘယ်လိုလုပ်ရမလဲ ညွှန်ပြပေးစေလိုပါတယ်။**

**ဖြေ။** အဆုတ်ထဲဆေးငွေ့ရောက်သွားလို့ပါ။ ရေနွေးမတ်ခွက်တစ်လုံးမှာ သံပရိုသီးတစ်လုံး လေးစိတ်စိတ်ထည့်ပြီး အငွေ့ကိုရှူပြီး အရည်ကိုသောက်ပေးပါ။ ကန်စွန်းရိုးနီအရည်ထောင်းသောက်ရင် အဆိပ်ပြေပါတယ်။

**မေး။ ဆီးပူဆီးကျဉ်ဖြစ်နေလို့ပါဆရာ။ ဆေးနည်းလေးပြောပြပေးစေလိုပါတယ်။ ဆီးသွားတာဆီးကျန်လို့ ပေါက်ပွင့်ကိုရေနွေးစိမ်သောက်မိတာကနေ ဆီးပူဆီးကျဉ်ဖြစ်လာတာပါဆရာ။**

**ဖြေ။** ပေါက်ပွင့်ကအပူပါ။ ဆက်မသောက်ပါနဲ့။ သံပရာရည်သောက်ပါ။ ဆန်ဆေးရည်အကြည်ကို သကြားနဲ့ဖျော်သောက်ပါ။ တိုင်းရင်းဆေးအမှတ်(၂၁) ဆီးဆေးဖြူ ဝယ်သောက်ရင်လည်း ပျောက်ပါတယ်။ အင်္ဂလိပ်ဆေးကတော့ ဆရာဝန်ညွှန်ကြားချက်ရမှ သောက်ပါ။


**မေး။ ဆရာကြီးရှင်။ အစာအိမ်က အမှားမခံဘူးဖြစ်နေပါတယ်။ မကြာခဏ အထက်လှန်အောက်လျှောဖြစ်တတ်ပါတယ်။ တစ်ခါတလေဆို အန်ချင်သလို ဝမ်းသွားချင်သလိုနဲ့ နေရတာအဆင်မပြေဖြစ်ပါတယ်။ အဲဒီလိုဖြစ်ရင် အရေးပေါ် လေဆေးသောက်ရပါတယ်။ အစာအိမ်ပြဿနာဖြစ်နေရင် ကတုန်ကယင်နဲ့ ခြေလက်တွေမသယ်ချင်တော့ပါ။ နောက်တစ်ခုက အသားတွေလည်းယားပါတယ်။ နှာခေါင်းနားတစ်ဝိုက်က ပိုယားပါတယ်။ ဘယ်ဆေးသောက်သုံးသင့်သလဲ ညွှန်ကြားပေးပါရှင်။ အသက်က ၃၅ နှစ်ပါ။ ၂၂ နှစ်မှာ ကလေးမွေးပါတယ်။ ၂၄ နှစ်မှာ မျိုးဥတစ်ဖက်ပေါက်ထွက်လို့ထုတ်ထားရပါတယ်ရှင်။**

**ဖြေ။** အစာအိမ်ရောင်ရောဂါဖြစ်ချင်နေတာပါ။ အစာအိမ်ရောင်ရင် ထမင်းနဲ့မာတဲ့အစာ ခဏရပ်ပြီး ဆန်ပြုတ်သောက်ပါ။ ဆန်လက်တစ်ဆုပ်၊ ပဲရာဇာ (ခေါ်) ပဲနီလေး လက်တစ်ဆုပ်နဲ့ ကြက်သွန်နီဥတစ်ဥ ထည့်ပြုတ်ပါ။ ထမင်းစားချင်ရင် နေ့လယ်စာတစ်နပ်ပဲ ပူပူနွေးနွေးနှမ်းဆီသင့်ရုံဆမ်းပြီးစားပါ။ အသားပြုတ်ကြော်၊ ငါးကြော်၊ ကြက်ဥကြော်၊ ပဲရာဇာ သို့မဟုတ် ပဲစင်းငုံဟင်းချိုနဲ့စားပါ။ ဆီများတဲ့အကြော်အလှော်တွေမစားရပါ။ အပူအစပ်၊ လက်လုပ်ချဉ်တွေ လုံးဝမရပါ။ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်တွေမစားရပါ။ ပျားရည်က အစာအိမ်နာသက်သာပါတယ်။ ယုံကြည်စွာနဲ့ နံနက်၊ ည ပျားရည်တစ်ဇွန်း ရေအေးနဲ့သောက်ပါ။ တိုင်းရင်းဆေးအမှတ် (၁၆) အပူငြိမ်းဆေးနဲ့ ဆေးအမှတ်(၇) နွယ်ချိုကဲဆေး ဆတူရောစပ်ပြီး တစ်နေ့သုံးကြိမ်သောက်ပါ။ ညနေဘက်မှာ တိုင်းရင်းဆေးအမှတ်(၂)လေမျိုး ၈၀ ဆေးကို ရေနွေးနဲ့ ရှောက်ရည်စပ်သောက်ပါ။ ညအိပ်မပျော်ရင်၊ စိတ်ပူပင်သောကရှိရင်လည်း အစာအိမ်ရောဂါမပျောက်ပါ။

**မေး။ ဆရာ ကျွန်တော်က တစ်လသားကတည်းက မီးလောင်ထားတာ အခု ၁၈ နှစ်ရှိပြီဆရာ။ အမာရွတ်တွေက တော်တော်များတယ်ဆရာ။ အားလည်းငယ်ရပါတယ်။ သက်သာပျောက်ကင်းနိုင်မယ့် နည်းလမ်းတွေရှိရင် ညွှန်ပြပေးပါခင်ဗျာ။**

**ဖြေ။** စန္ဒကူးနီအခေါက်ကို ပရဆေးဆိုင်မှာမေးဝယ်ပါ။ သွေးပြီး ညအိပ်ရာဝင် လိမ်းအိပ်ပါ။ စိတ်ရှည်ရှည်ထားပြီး နှစ်နဲ့ချီလိမ်းပေးရင် သိသာတဲ့ရလဒ်ရရှိလာပါလိမ့်မယ်။ အားမငယ်ပါနဲ့၊ ရုပ်အလှထက် စိတ်အလှက ပိုအရေးကြီးပါတယ်။

ကြည်လွင်မြင့်(မုဒြာ)



စက်တင်ဘာလ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲကို စက်တင်ဘာလ ၉ ရက်တွင် ကော့သောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာကျောင်းများမှ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စာစီစာကုံးပြိုင်ပွဲဝင် ၂၁ ဦး၊ ပိုစတာပြိုင်ပွဲဝင် ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။

ရန်ကင်း

## အိမ်မဲမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲကလေးများနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**အိမ်မဲ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်တစ်နှစ်ခွဲကလေးများနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးများကို စက်တင်ဘာလ ၉ ရက်တွင် ထိုးနှံတိုက်ကျွေးပေးသည်။



ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာအကြောင်းအရာများကိုဟောပြောပြီး မွေးကင်းစမှ အသက်တစ်နှစ်ခွဲကလေးများအား ဗီတာမင်-A၊ ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဘီစီဂျီ၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ) စသည့် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးများကို လစဉ် ၁ ရက်မှ ၃ ရက်အထိ အခမဲ့ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ ချည်မျှင်ရှည်ဝါကေ ၆၆၀၀ ကျော် စိုက်ပျိုးပြီးစီး



မြစ်သား စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီးမြစ်သားမြို့နယ်၌ မိုးချည်မျှင်ရှည်ဝါစိုက်ဧက ၆၆၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ကြီးကြပ်မှုဖြင့် ချည်မျှင်ရှည်ဝါ သတ်မှတ်အရည်အသွေးပြည့်မီပြီး အထွက်နှုန်းတိုးတက်လာစေရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ချည်မျှင်ရှည်ဝါစိုက်ဧက ၁၀၆၇၂ ဧကစိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်၍ စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ချည်မျှင်ရှည်ဝါစိုက်ပျိုးလျက်ရှိရာတွင် မြစ်သားမြို့နယ်အတွင်းရှိ ဒါးဝယ်အင်းကျေးရွာအုပ်စုနှင့် မြိုင်ကုန်းကျေးရွာအုပ်စုတို့တွင် မိုးကြိုနှင့်မိုးချည်မျှင်ရှည်ဝါစိုက်ဧက ၆၆၂၅ ဧကကိုစိုက်ပျိုးပြီးစီး၍ ကျန်စိုက်ဧကများကို မိုးနှောင်းကာလတွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်-၈၊ ရွှေတောင်-၁၀ နှင့် B-31 ဝါမျိုးများကို စိုက်ပျိုးထားရှိသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီ ချည်ထည် ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဝါဝါမြင့်(မြစ်သား)

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများရရှိစေရန်အတွက် ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် စာပေ၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပင်တလည်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းအောင်က ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတပြည့်စုံရေးနှင့် အားလပ်ချိန်များတွင် စာပေများ လေ့လာဖတ်ရှုစေရေးအတွက် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက "စာအုပ်စာပေလူ့မိတ်ဆွေ"၊ "အလိမ္မာစာမှာရှိ"၊ "ပညာရွှေအိုးလူမခိုး" စသည့် ခေါင်းစဉ်များဖြင့် စာပေ၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်



ပွင့်ဖြူ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် ပွင့်ဖြူမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာအောင်က ကျောင်းသား၊ ကျောင်းသူများအသိပညာဗဟုသုတ တိုးပွားစေရန် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းရည်မှန်းချက်(၆)ရပ်နှင့် ကလေးအလုပ်သမားများ၏ အလုပ်ချိန် ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားဖြစ်ရခြင်း၏ အကြောင်းရင်းများ၊ အန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေသော ကလေးအလုပ်သမားများကို ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိရေး ဆောင်ရွက်ရန်အချက်များ၊ ကလေးသူငယ်များ၏ဘဝဖွံ့ဖြိုးတိုးတက်စေရန် သက်မွေးပညာကျောင်းများသို့ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးမှု အခြေအနေများ စသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများနှင့် စပ်လျဉ်းပြီး အသိပညာဗဟုသုတ တိုးပွားစေရန် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

## အသိ သတိ ထားရှိကာကွယ် ဝမ်းရောဂါအန္တရာယ်

❍ မိုးရာသီ ကာလများ
သတိထား နေထိုင်ရန်။
ဝင်းခြံမြေ နေရာပေါင်းမှာ
မြောင်းတွေရေလျှံ။
သောက်သုံးရေ နွမ်းညစ်ပြန်
ကျိုချက်ရန် မမေ့နဲ့။
ပိုးမွှားပါ ရေသောက်ပြား
ဝမ်းသွားတတ်ရဲ့။

❍ ဝမ်းရောဂါ ဘေးဆိုးများ
ကာကွယ်အားနဲ့ တွန်းလှန်။
စားသောက်ဖွယ် သိုးအပုပ်
စွန့်ထုတ်နည်းမှန်။
လုံခြုံတဲ့ မိလ္လာကန်
မွမ်းမံကာ ထားရှိမှ။
မှက်ခြင်ယင် ဘယ်မနား
သောက်စားမရ။

❍ ယင်နားစာ စားသုံးမိ
ဝမ်းလျှောသည့် အန္တရာယ်။
ညစ်ညမ်းရေ သောက်သုံးမိ
များဘိရန်စွယ်။
သတိပြု ဆင်ခြင်ဖွယ်
ကူးစက်လွယ် ရောဂါဆိုး။
လုံသုံးလုံ အခြေပြုပါလို့
လူမှုဝန်းကျင် နေရာစုံမှာ
အားမာန်ကုန် အသိသတိတို့
ထားရှိသယ်ပိုး။ ။

ကိုမျိုး(ပွင့်ဦး)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၂၆ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၄၀ | မေတ္တာပို့ |
| ၃။ | ၀၇:၀၀ | နပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၇:၃၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် |
| ၆။ | ၀၈:၃၀ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၇။ | ၀၉:၂၀ | ကျန်းမာသုတ |
| ၈။ | ၀၉:၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၉။ | ၁၀:၃၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၀။ | ၁၀:၄၀ | ဆောင်းပါးပေါ်မှ စာစုများ |
| ၁၁။ | ၁၂:၅၀ | သီချင်းလက်ဆောင် |
| ၁၂။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ |
| ၁၃။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ရိုးရှင်းသောဘဝ အပိုင်း(၇)** |

# သစ်တောကဏ္ဍသည် ဂေဟစနစ်မျှတရေးကိုအကျိုးပြုရာတွင်အရေးပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာများ နားလည်တတ်ကျွမ်းအောင်လေ့လာ




**နေပြည်တော် စက်တင်ဘာ ၉**

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့်ဝန်ဆောင်မှုများပေးစွမ်းနိုင်သည့် အဆင့်မီ တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ တွေ့ဆုံစဉ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာကြီးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲလျော့နည်းလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရေရှားပါးမှု၊ မြေဆီလွှာပျက်စီးမှု၊ လေထုညစ်ညမ်းမှု၊ ပလတ်စတစ်နှင့်အမှိုက်ပြဿနာများစသည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများ ပိုမိုရှုပ်ထွေးများပြားလာပြီး ရာသီဥတုပြောင်းလဲမှုသည်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုတည်းသာမက စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ သစ်တော၊ ကျန်းမာရေး၊ ရေအရင်းအမြစ်၊ အခြေခံအဆောက်အဦ၊ စီးပွားရေးနှင့် လူမှုဘဝအားလုံးကိုထိခိုက်စေနိုင်သောဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုကြီးတစ်ခုဖြစ်လာခြင်းကြောင့်သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခန်းကဏ္ဍသည် ယခင်ကထက်ပိုမိုအရေးကြီးလာကြောင်း၊ သို့ဖြစ်ပါ၍သစ်တောကဏ္ဍသည် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတရေးတို့ကို အကျိုးပြုရာတွင် အရေးပါသောကြောင့် တက္ကသိုလ်တက်ရောက်စဉ်ကတည်းက သစ်တောနှင့်ပတ်သက်သည့် စီမံအုပ်ချုပ်ရေးဆိုင်ရာပညာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာများကို နားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူလေ့လာ၍ အရည်အချင်းပြည့်ဝသော ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက်သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်က သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဖွဲ့စည်းပုံ၊ စာသင်ကြားပေးမှုအခြေအနေနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မည့်အဆောက်အအုံများ၏မြေနေရာရွေးချယ်ထားမှုအခြေအနေများအား တင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် နှစ်ထပ်စာသင်ဆောင် တည်ဆောက်မည့်နေရာ၊ Recreation Center တည်ဆောက်မည့် နေရာနှင့် ကျောင်းသားအိပ်ဆောင်တည်ဆောက်မည့်နေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**




# အမျိုးသား / အမျိုးသမီးရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသား/ အမျိုးသမီး ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဝင်း အင်းယားကန်၌ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်နေမှုအားကြည့်ရှု အားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီး မီတာ- ၅၀၀ ရှစ်တက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် တွံတေးခရိုင်အသင်း၊ ဒုတိယဆုရရှိခဲ့သည် သန်လျင်ခရိုင်အသင်း၊ တတိယဆုရရှိခဲ့သည့် အလုံခရိုင်အသင်း၊ အမျိုးသား မီတာ-၅၀၀ ရှစ်တက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မှော်ဘီခရိုင်အသင်း၊ ဒုတိယဆုရရှိခဲ့သည် မရမ်းကုန်းခရိုင်အသင်း၊ တတိယဆုရရှိခဲ့သည့် တွံတေးခရိုင်အသင်း၊ အမျိုးသမီး မီတာ- ၂၀၀ ရှစ်တက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် တွံတေးခရိုင်အသင်း၊ ဒုတိယဆုရရှိခဲ့သည် သန်လျင်ခရိုင်အသင်း၊ တတိယဆုရရှိခဲ့သည့် မရမ်းကုန်းခရိုင်အသင်း၊ အမျိုးသား မီတာ-၂၀၀ ရှစ်တက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့်မှော်ဘီခရိုင်အသင်း၊ ဒုတိယဆုရရှိခဲ့သည် မရမ်းကုန်းခရိုင်အသင်း၊ တတိယဆုရရှိခဲ့သည့် ကျောက်တံတားခရိုင်အသင်း၊ အမျိုးသမီးတံခွန်စိုက်ဆုရရှိခဲ့သည့် တွံတေးခရိုင်အသင်းနှင့်အမျိုးသားတံခွန်စိုက်ဆုရရှိခဲ့သည့် မှော်ဘီခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့်တံခွန်စိုက်ဆုဖလားတို့ကိုအသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက် စုပေါင်းတံခွန်စိုက်ဆုရရှိခဲ့သည့် တွံတေးခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားတို့ကိုပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို အသင်း ၁၄ သင်း အားကစားသမား ၂၅၀ ဦးဖြင့် စက်တင်ဘာလ ၈ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရောရှုခင်းသာ (Ayeyarwady River View Point Pavilion) ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၉**

မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရောရှုခင်းသာ (Ayeyarwady River View Point Pavilion) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါရှုခင်းသာရှေ့၌ ကျင်းပသည်။

အဆိုပါ မြစ်ရောရှုခင်းသာကို မကွေးမြို့ပြ အင်္ဂါရပ်နှင့်အညီ မြစ်ကမ်းနား မြေကွက်လပ်များအား စနစ်ကျ၍ လှပ၊ သန့်ရှင်း၊ သာယာပြီး လုံခြုံဘေးကင်းသည့် နေရာတစ်ခုဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများနှင့် လူငယ်လူရွယ်များ နံနက်ခင်းနှင့်ညနေခင်းအချိန်များတွင် သဘာဝတရားနှင့်ထိတွေ့ကာ အနားယူအပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှားဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်နှင့် ဧရာဝတီမြစ်ကမ်းအလှကိုအခြေခံ၍ ခရီးသွားများကိုဆွဲဆောင်နိုင်မည့် မြို့ပြ၏ အထင်ကရနေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန်ရည်ရွယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားမှူးဦးကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ရောရှုခင်းသာ မော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘင်ခရာ၊ ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့များ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၉**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေတို့ ဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ အထောက်အကူပြုဝန်ထမ်းများပါဝင်သောအဖွဲ့သည် အိန္ဒိယနိုင်ငံပါလီမန်၊ Parliamentary Research Information for Democracy အစီအစဉ်ဖြင့် ပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့်သင်တန်း "Capacity Development Programme"သို့ စက်တင်ဘာလ ၁ ရက်မှ ၈ ရက်အထိ တက်ရောက်လေ့လာခဲ့ကြသည်။

စက်တင်ဘာလ ၂ ရက်တွင် Parliament house ၌ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ Mr. Shri Om Birla နှင့်လည်းကောင်း၊ စက်တင်ဘာလ ၇ ရက်တွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ShriPabitramargherita နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲများတွင် အိန္ဒိယနိုင်ငံပါလီမန်များ၏ အခန်းကဏ္ဍနှင့်ဥပဒေပြုရေး၊ ကော်မတီစနစ်နှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီများ၊ မဲဆန္ဒနယ်မြေအတွင်းစီမံခန့်ခွဲမှု၊ ပြည်နယ်ဥပဒေပြုအပါအဝင်ပြည်နယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေး၊ ပါလီမန်ကိုယ်စားလှယ်များ၏ဒေသဖွံ့ဖြိုးရေး MPLADS ယန္တရားနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့်ဘဏ္ဍာရေးဆိုင်ရာတာဝန်ခံမှု၊ နိုင်ငံခြားရေးမူဝါဒ၊ ပါလီမန်အကြီးအမှူးများ၏ ခေါင်းဆောင်မှုဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့ပြင် UNESCO ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်နေရာများ၊ ပရာဒန်မန်ထရီ ဆန် ဂရာ ဟာရာပြတိုက်တို့ကို သွားရောက်လေ့လာခဲ့သည်။

ယခုတက်ရောက်ခဲ့သည့်စွမ်းရည်မြှင့်သင်တန်းကြောင့် လွှတ်တော်၏ကဏ္ဍနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယ လွှတ်တော် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုနှင့်ချစ်ကြည်ရင်းနှီးမှုကိုအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (23rd AACC) အား Video Teleconference (VTC) ဖြင့် ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃) ကြိမ်မြောက်အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (23rd AACC) ကို Video Teleconference (VTC) ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အဆိုပါ အစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ဘရူနိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General Haji Haszahaidi Bin Haji Ahmad Daud၊ ကမ္ဘောဒီးယားနိုင်ငံလေတပ်စစ်ဦးစီးအရာရှိချုပ် Lieutenant General Kong Mony၊ အင်ဒိုနီးရှားနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono၊ လာအိုနိုင်ငံ လေတပ်ဦးစီးချုပ် Brigadier General Khamleuangthep၊ မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris၊ ဖိလစ်ပိုင်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Arthur M Cordura၊ စင်ကာပူနိုင်ငံ လေတပ်ဦးစီးချုပ် Major General Kelvin Fan Sui Siong၊ ထိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha၊ တီမောလက်စတေနိုင်ငံ လေတပ်ဦးစီးချုပ် Colonel Helder Da Costa၊ ဗီယက်နမ်နိုင်ငံလေတပ်ဦးစီးချုပ် Lieutenant General Vu Hong Son နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။







**ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (23rd AACC) သို့ Video Teleconference (VTC) ဖြင့် တက်ရောက်စဉ်။**

ဦးစွာ ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Vice Commander ဖြစ်သူ Major General PABLO RUSTRIA JR က (၂၃)ကြိမ်မြောက်အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးအဖွင့် နှုတ်ခွန်းဆက်စကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့ပြီး အာဆီယံလေတပ်များ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ဆိုင်ရာ video clip ကို ပြသသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Chief of Staff ဖြစ်သူ Major General Alvin M Hate က (၁၃) ကြိမ်မြောက် အာဆီယံလေတပ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးရလဒ်များအား အစီရင်ခံတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသောအာဆီယံလေတပ်ဦးစီးချုပ်များက (၂၃) ကြိမ်မြောက် AACC ၏ ဦးတည်ချက်ဖြစ်သော "ဘက်ပေါင်းစုံ အပြန်အလှန် ပူးပေါင်းချိတ်ဆက်မှုရှိသော အာဆီယံလေတပ်များ ဖြစ်ပေါ်လာစေရေး ဒေသတွင်းတည်ငြိမ်ရေးအတွက် တစုတစည်းတည်းဆောင်ရွက်စို့" ခေါင်းစဉ်အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ၿင်းနောက် သဘာပတိက (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းပြီး AACC အစည်းအဝေးဆုံးဖြတ်ချက်များနှင့် AACC Joint Statement အား အာဆီယံလေတပ်ဦးစီးချုပ်များက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက်သဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားပြီး (၂၄) ကြိမ်မြောက်အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးကို သဘာပတိအဖြစ် တာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris ကိုယ်စား ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူးထံသို့ AACC အထိမ်းအမှတ်ပစ္စည်းအား လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းနောက် မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် အာဆီယံလေတပ်ဦးစီးချုပ်များ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

**● ရှေ့ဖုံးမှအဆက်**

(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ၃၀၀ ပေ၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ်ပဲ့ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင် ၁၁/၅ မှ တာမိုင် ၁၁/၇ ကြား ဆည်မြောင်းတာ အပြင်ဘက်ခြမ်း ရောဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ်သဲအိတ်ချခြင်းလုပ်ငန်းနှင့် ရေလမ်းသောင်တူးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။**

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

**➤ ငဝန်မြစ်ရေကာတာမှ**

ကျောင်းကုန်းမြို့နယ်များရှိရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ငဝန်မြစ်ရေသည် ဩဂုတ်လ ၁၄ ရက်တွင် ၇ပေ ၉ လက်မထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၄ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၅ လက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၁၀ လက်မခန့်သာ ကျန်ရှိသဖြင့် ၅ ပေ ၄လက်မခန့်အထိကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ငဝန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်တွင် ၁၀ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၉ လက်မခန့်ကျဆင်းသွားကြောင်း၊ ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ်လ ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေခန့်သာကျန်ရှိသဖြင့် ၂ ပေ ၁ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ်လ ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၇လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၆လက်မခန့်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။



**အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်ခဲ့သည့်နေရာများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။**

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင်ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

---

## ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဒေးဒရဲ စက်တင်ဘာ ၉**

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကုန်းတန်းကလေးကျေးရွာ မဟာဗောဓိကျောင်းတိုက်၌ ယနေ့တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိမ်းမောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဒေးဒရဲမြို့နယ် ဥပဒေရုံး မြို့နယ်ဥပဒေအရာရှိဦးရဲမြင့်ခိုင်က ဆင့်ပွားသင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က မေးစာရင်းနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# Green City တည်ဆောက်ရေးတွင် Green MSMEs များ၏ အခန်းကဏ္ဍ

ဝေဖြိုးအောင်

ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုပြဿနာများသည် နိုင်ငံတိုင်းရင်ဆိုင်နေရသော အကြီးမားဆုံးစိန်ခေါ်မှုများဖြစ်လာသည်။ လူဦးရေတိုးပွားလာမှုနှင့်အတူ မြို့ပြများသို့ပြောင်းရွှေ့နေထိုင်မှုမြင့်တက်လာခြင်းကြောင့် မြို့ပြများတွင် စွမ်းအင်သုံးစွဲမှု၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့် လေထုညစ်ညမ်းမှုတို့မှာ အလွန်တရာ မြင့်တက်လျက်ရှိသည်။




**Green City တည်ဆောက်ရေးတွင် Green MSMEs သည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပုံ။**

ဤကဲ့သို့သောပြဿနာများကို ဖြေရှင်းရန်အတွက် "အစိမ်းရောင်မြို့တော်"ဟူသော အယူအဆသည် မရှိမဖြစ်လိုအပ်လာသည်။

Green City ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် စီမံကိန်းချမှတ်ထားပြီး စွမ်းအင်ကိုအကျိုးရှိစွာသုံးစွဲကာ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲနိုင်သော၊ နေထိုင်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး သာယာဝပြောသော မြို့ပြပတ်ဝန်းကျင်ကိုဆိုလိုသည်။ ဤကဲ့သို့သော Green City များကို တည်ဆောက်ရာတွင် အစိုးရ၏မူဝါဒများနှင့် အခြေခံအဆောက်အအုံများအပြင် ပုဂ္ဂလိကကဏ္ဍ၏ပါဝင်မှုသည် အထူးအရေးပါလှသည်။ ထိုအထဲတွင် နိုင်ငံ၏စီးပွားရေးမဏ္ဍိုင်ဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)များသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်လိုသည့်ရည်ရွယ်ချက်ဖြင့် လုပ်ငန်းလည်ပတ်နေသော Green MSMEs (အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ)သည် Green City တည်ဆောက်ရေးအတွက် အရေးပါသောမောင်းနှင်အားများဖြစ်ကြသည်။

**Green MSMEs**

MSMEs ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးမှုတွင် အရေးပါသော အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် နိုင်ငံတကာတွင် MSMEs များသည် စုစုပေါင်းစီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးလျက်ရှိသည်။ သို့ရာတွင် သမားရိုးကျ MSMEs အများစုသည် အမြတ်အစွန်းရရှိရေးကိုသာ အဓိကထားလေ့ရှိပြီး သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို ထည့်သွင်းစဉ်းစားလေ့မရှိကြပေ။

Green MSMEs များသည် သမားရိုးကျစီးပွားရေးလုပ်ငန်းများနှင့် ကွဲပြားသည်။ ၎င်းတို့သည် အမြတ်အစွန်းတစ်ခုတည်းကိုသာမကြည့်ဘဲ ကမ္ဘာမြေနှင့်လူသားများ၏အကျိုးကိုပါ ဟန်ချက်ညီစွာ ထည့်သွင်းစဉ်းစားသော ချဉ်းကပ်မှုကို ကျင့်သုံးကြသည်။ Green MSMEs များသည် အောက်ပါလက္ခဏာရပ်များနှင့် ကိုက်ညီလေ့ရှိသည် -

- ■ ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချခြင်း။
- ■ သဘာဝသယံဇာတများကို ချွေတာသုံးစွဲပြီး ပြန်လည်အသုံးပြုနိုင်သော ကုန်ကြမ်းများကို အသုံးပြုခြင်း။
- ■ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ရောင်းချခြင်း။
- ■ စွမ်းအင်အလေအလွင့်နည်းပါးစေရန် စွမ်းအင်ချွေတာရေးနည်းပညာများကို အသုံးပြုခြင်း။
- ■ လူမှုအသိုင်းအဝိုင်း၏ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို အထောက်အကူပြုခြင်း။


ကမ္ဘာ့အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအင်စတီကျု Global Green Growth Institute(GGGI)၏ အစီရင်ခံစာများအရ Green MSMEs များသည် အစိမ်းရောင်စီးပွားရေးသို့ကူးပြောင်းရာတွင် အဓိကအကျဆုံးသော အုတ်မြစ်များအဖြစ် သတ်မှတ်ခံထားရသည်။ ၎င်းတို့သည် ဆန်းသစ်တီထွင်မှုများကို လျင်မြန်စွာဖန်တီးနိုင်ပြီး ဒေသတွင်းလိုအပ်ချက်များနှင့်ကိုက်ညီသော ဖြေရှင်းနည်းများကို ဖော်ထုတ်ပေးနိုင်ကြသည်။

**Green City တည်ဆောက်ရေးတွင် Green MSMEs များပါဝင်နိုင်သည့် အဓိကကဏ္ဍများ**

Green City တစ်ခုဖြစ်မြောက်လာရန်အတွက် ကဏ္ဍပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်ရန်လိုအပ်သည်။ ဤလုပ်ငန်းစဉ်ကြီးတွင် Green MSMEs များအနေဖြင့် အောက်ပါအဓိကကဏ္ဍများမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ကြသည် -

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ချွေတာရေး**

မြို့ပြဒေသများတွင် လျှပ်စစ်မီးသုံးစွဲမှုသည် အလွန်မြင့်မားသည်။ Green City များအတွက် အဓိကလိုအပ်ချက်တစ်ခုမှာ ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချပြီး နေရောင်ခြည်သုံးစွမ်းအင်၊ လေအား လျှပ်စစ် စသည့်ပြန်လည်ပြည့်ဖြိုးမြဲ




**ရုပ်ကြွင်းလောင်စာအသုံးပြုမှုကိုလျှော့ချပြီး နေရောင်ခြည်သုံးစွမ်းအင်၊ လေအားလျှပ်စစ် စသည့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပြောင်းလဲအသုံးပြုနိုင်မှုပုံ။**

စွမ်းအင်များကို ပြောင်းလဲအသုံးပြုရန်ဖြစ်သည်။ Green MSMEs များသည် Solar Panel များတပ်ဆင်ပေးခြင်း၊ ပြုပြင်ထိန်းသိမ်းပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြသည်။ နေအိမ်များနှင့်ရုံးခန်းများတွင် စွမ်းအင်ချွေတာနိုင်သော လျှပ်စစ်ပစ္စည်းများ(ဥပမာ - LED မီးသီးများ၊ Energy-efficient Air Conditioners) ဖြန့်ဖြူးရောင်းချခြင်းနှင့် စွမ်းအင်စစ်ဆေးပေးခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်သည်။

**စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် စက်ဝိုင်းပုံစီးပွားရေးစနစ်**

မြို့ပြလူဦးရေထူထပ်လာသည်နှင့်အမျှ နေ့စဉ်စွန့်ပစ်အမှိုက်ထွက်ရှိမှုသည် မြို့တော်စည်ပင်သာယာရေးအဖွဲ့များအတွက် ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်လာသည်။ ဤနေရာတွင် စက်ဝိုင်းပုံစီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရန် Green MSMEs များက ကူညီပေးနိုင်သည်။ ပလတ်စတစ်၊ စက္ကူ၊ ဖန်နှင့် သတ္တု အစရှိသောစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန် ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများနှင့်စားကြွင်းစားကျန်များမှ မြေဆွေးပြုလုပ်ခြင်း သို့မဟုတ် ဇီဝဓာတ်ငွေ့ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်။ ထို့ပြင် တစ်ခါသုံးပလတ်စတစ်အစားထိုး ဝါး၊ ကြာရိုး၊ ငှက်ပျောဖက်စသည်တို့ဖြင့်ပြုလုပ်ထားသော ထုပ်ပိုးပစ္စည်းများထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများကို အသေးစားလုပ်ငန်းရှင်များက အောင်မြင်စွာလုပ်ဆောင်နိုင်ကြသည်။

**သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ဆောက်လုပ်ရေး**

Green City များတွင် အဆောက်အအုံများသည် အပူချိန်ကို ထိန်းညှိပေးနိုင်ပြီး လေဝင်လေထွက်ကောင်းမွန်သော၊ သဘာဝအလင်းရောင်ရရှိသော ဒီဇိုင်းများဖြစ်ရမည်။ MSMEs များအနေဖြင့် ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြု၍ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေသော ဆောက်လုပ်ရေးပစ္စည်းများ (ဥပမာ- မြေစေးအုတ်များ၊ ဝါးအခြေခံအဆောက်အအုံပစ္စည်းများ) ထုတ်လုပ်ဖြန့်ဖြူးနိုင်သည်။ အဆောက်အအုံများတွင် အစိမ်းရောင်ခေါင်မိုးများဖန်တီးပေးခြင်း၊ ဒေါင်လိုက်ဥယျာဉ်များ စိုက်ပျိုးပေးခြင်းဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်သည်။

**ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်မှု**

မြို့ပြနေလူထုအတွက် လတ်ဆတ်ပြီး ဓာတုကင်းလွတ်သော အစားအစာများ ရရှိရေးသည် အရေးကြီးသည်။ မြို့ပြစိုက်ပျိုးရေးနှင့်ရေပေါ်စိုက်ပျိုးရေးလုပ်ငန်းများကို Green MSMEs များက ဦးဆောင်လုပ်ကိုင်နိုင်သည်။ အော်ဂဲနစ်စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းလုပ်ငန်းများသည်လည်း Green City ၏ အစားအစာပံ့ပိုးမှုကွင်းဆက်ကို ပိုမိုခိုင်မာစေသည်။

**အစိမ်းရောင် သယ်ယူပို့ဆောင်ရေး**

ယာဉ်ကြောပိတ်ဆို့မှုနှင့် မော်တော်ယာဉ်များမှထွက်သော အိတ်ဇောငွေ့များသည် မြို့ပြလေထုညစ်ညမ်းမှု၏ အဓိကတရားခံဖြစ်သည်။ လျှပ်စစ်သုံးမော်တော်ယာဉ်များ(EV)၊ လျှပ်စစ်စက်ဘီးများ ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းဝန်ဆောင်မှုများကို MSMEs များက လုပ်ဆောင်နိုင်သည်။ ပို့ဆောင်ရေးလုပ်ငန်းများတွင် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော စက်ဘီး သို့မဟုတ် EV များကိုအသုံးပြုသည့် စီးပွားရေးပုံစံများ ဖန်တီးနိုင်သည်။

**သဘာဝအခြေခံခရီးသွားလုပ်ငန်း**

မြို့ပြအတွင်း သို့မဟုတ် မြို့ပြနှင့်နီးစပ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို Green MSMEs များက ဆောင်ရွက်နိုင်သည်။ ဤသည်မှာ ဒေသခံများအတွက် အလုပ်အကိုင်ဖန်တီးပေးရုံသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးမှုကိုပါ တိုးမြှင့်ပေးနိုင်သည်။

**Green MSMEs များမှတစ်ဆင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများ**

Green MSMEs များကို အားပေးအားမြှောက်ပြုခြင်းဖြင့် နိုင်ငံနှင့်မြို့ပြများအတွက် ဘက်စုံအကျိုးကျေးဇူးများ ရရှိနိုင်သည်-

**ပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူး**

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သိသာစွာလျှော့ချနိုင်သည်။ စွန့်ပစ်အမှိုက်များကို ပြန်လည်အသုံးပြုခြင်းဖြင့် အမှိုက်ပုံကြီးများ၏ပြဿနာကို ဖြေရှင်းနိုင်သည်။ သစ်တောများနှင့် သယံဇာတများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်မည်။

**စီးပွားရေးဆိုင်ရာအကျိုးကျေးဇူး**

အစိမ်းရောင် အလုပ်အကိုင်သစ်များ မြောက်မြားစွာကို ဖန်တီးပေးနိုင်သည်။ စာမျက်နှာ ၁၃ သို့ ➤

➤ စာမျက်နှာ ၁၂ မှအဆက်

စွမ်းအင်နှင့်ကုန်ကြမ်းများကို အကျိုးရှိစွာ သုံးစွဲသည့်အတွက် ရေရှည်တွင် ကုန်ကျစရိတ်သက်သာစေပြီး နိုင်ငံ၏စီးပွားရေး ယှဉ်ပြိုင်နိုင်စွမ်းကို မြင့်တက်စေသည်။ ဆန်းသစ်တီထွင်မှု အသစ်များကို ပြည်တွင်းမှာပင် ဖန်တီးလာနိုင်သဖြင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သည်။

**လူမှုရေးဆိုင်ရာအကျိုးကျေးဇူး**

သန့်ရှင်းသော လေ၊ ရေနှင့်ပတ်ဝန်းကျင်ကြောင့် မြို့ပြနေပြည်သူများ၏ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာမည်။ ဒေသခံပြည်သူများကိုယ်တိုင် ပါဝင်လုပ်ကိုင်နိုင်သော အသေးစားစီးပွားရေးလုပ်ငန်းများဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုသည်။ အမျိုးသမီးများနှင့်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး လူမှုရေးတန်းတူညီမျှမှုကို အားပေးသည်။

**မြန်မာနိုင်ငံနှင့် အာဆီယံဒေသတွင်း အခြေအနေများ**

မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီညီဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော "အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ" တွင် MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကော်မတီများဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် Green Financing (အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု ချေးငွေများ)ကိုပံ့ပိုးပေးရန် အားထုတ်လျက်ရှိသည်။

WWF (World Wide Fund for Nature) ၏ "A Green Economy in the Golden Land" အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ၎င်း၏သဘာဝအရင်းအနှီးကို ထိန်းသိမ်းရင်း အစိမ်းရောင်စီးပွားရေးလမ်းကြောင်းသို့ ကူးပြောင်းခြင်းဖြင့် ရေရှည်တည်တံ့သော အလုပ်အကိုင်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနိုင်ကြောင်း ထောက်ပြထားသည်။ အာဆီယံဒေသတွင်းတွင်လည်း စမတ်မြို့တော်နှင့် အစိမ်းရောင်မြို့တော်မူဘောင်များကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ UNDP, GGGI စသည့်နိုင်ငံတကာအဖွဲ့အစည်းများသည် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် Green Recovery နှင့် Green MSMEs များ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာနှင့်ဘဏ္ဍာရေးအကူအညီများ ပေးအပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ၎င်းတို့၏အတွေ့အကြုံများကို လေ့လာသင်ယူနိုင်သည်။

**Green MSMEs များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ**

Green MSMEs များသည် Green City တည်ဆောက်ရေးတွင် အရေးပါသော်လည်း လက်တွေ့မြေပြင်တွင် အောက်ပါစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည် -

**ငွေကြေးအရင်းအနှီးရရှိမှုအခက်အခဲ**

Green Business တစ်ခုစတင်ရန် သို့မဟုတ် နည်းပညာအသစ်များ ပြောင်းလဲသုံးစွဲရန်အတွက် ကနဦးရင်းနှီးမြှုပ်နှံမှုကြီးမားတတ်သည်။ သို့သော် ဘဏ်အများစုသည် သမားရိုးကျလုပ်ငန်းများကိုသာ ချေးငွေပေးရန် စိတ်ဝင်စားပြီး Green MSMEs များအတွက် သီးသန့် အတိုးနှုန်းသက်သာသော ချေးငွေရရှိရန် အလွန်ခက်ခဲလျက်ရှိသည်။

**နည်းပညာနှင့် ကျွမ်းကျင်မှုလိုအပ်ချက်**

စွမ်းအင်ချွေတာရေးနည်းပညာများ၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သော နည်းပညာ အစရှိသည်တို့မှာ အဆင့်မြင့်နည်းပညာများ ဖြစ်သောကြောင့် အသေးစားလုပ်ငန်းရှင်များအတွက် နည်းပညာပိုင်းဆိုင်ရာနားလည်တတ်ကျွမ်းမှုနှင့် ကျွမ်းကျင်လုပ်သားရှားပါးမှုပြဿနာများရှိနေသည်။

**ဈေးကွက်ရရှိမှုနှင့် ပြည်သူလူထု၏ အသိပညာ**

Eco-friendly ထုတ်ကုန်များသည် သာမန်ကုန်ပစ္စည်းများထက် ဈေးနှုန်းအနည်းငယ် ပိုမိုမြင့်မားတတ်ရာ စားသုံးသူများအနေဖြင့် ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်ဖြင့် Green Products များကို အားပေးသုံးစွဲသည့် အလေ့အထမှာလိုအပ်နေဆဲဖြစ်သည်။

**မူဝါဒနှင့်ဥပဒေရေးရာကန့်သတ်ချက်များ**

Green MSMEs များကို အားပေးသော အခွန်ကင်းလွတ်ခွင့်များ၊ ပံ့ပိုးငွေများနှင့် ရှင်းလင်းပြတ်သားသောအစိမ်းရောင်ဝယ်ယူရေးမူဝါဒများ အားနည်းနေခြင်းသည် လုပ်ငန်းရှင်များအတွက် ကြီးမားသော အတားအဆီးတစ်ခုဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် Green City တည်ဆောက်ရေးသည် အစိုးရတစ်ရပ်တည်းလုပ်ဆောင်၍ ရသောလုပ်ငန်းစဉ်မဟုတ်ဘဲ ပြည်သူလူထုနှင့်ပုဂ္ဂလိကကဏ္ဍများအားလုံးပူးပေါင်းပါဝင်ရန် လိုအပ်သော လုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်သည်။ ထိုအထဲတွင် Green MSMEs များသည် အင်ဂျင်စက်များသဖွယ် အရေးပါသောနေရာမှ ပါဝင်နေသည်။ Green MSMEs များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးတန်းတူညီမျှမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသောရေရှည်တည်တံ့ခိုင်မြဲရေးမဏ္ဍိုင်ကြီး သုံးရပ်ကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ပေးနိုင်သော လုပ်ငန်းများဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာအစိုးရဌာနများ၊ ဘဏ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူများက Green MSMEs များကို ဝိုင်းဝန်းပံ့ပိုးကူညီပေးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက်သန့်ရှင်းသာယာပြီး နေချင့်စဖွယ်အစိမ်းရောင်မြို့တော်ကြီးများကို အောင်မြင်စွာတည်ဆောက်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**


၁။ GGGI (2021). Record of Proceedings – Global Green Growth Institute. https:// ggi.org/wp-content/ uploads/ 2021/ 12/ GGGWeek2021-Proceedings_20211216_.pdf.

၂။ WWF (2014). A Green Economy in the Golden Land: Creating a sustainable future for Myanmar.https://d2ouvy59p0dg6k.cloudfront.net/downloads/wwf_ge_myanmar_web.pdf.

၃။ MIMU (2024). Assessing and Promoting Sustainable Opportunities in Myanmar MSMEs. https://themimu.info.

၄။ Switch-Asia (2020). Priorities in the field of sustainable consumption and production in Myanmar. https://www.switch-asia.eu/countries/southeast-asia/myanmar.

၅။ UNDP (2025). Path to Sustainability: Accelerating National Priorities through Climate Actions.https://www.undporg.

၆။ Global Environment Facility & UNDP (2022). Gender and Sustainable Cities Guidance Note.

၇။ Ministry of Information Myanmar (2023). Promoting a Green Economy for National Prosperity.


# ကျေးလက်နေအမျိုးသမီးများနှင့် လူငယ်များအား ဆေးဝါး၊ အစာအစားနှင့်ထောက်ပံ့ငွေများလှူဒါန်း

ပဲခူး စက်တင်ဘာ ၉

"လုံခြုံလှပဘဝများအမျိုးသမီးနှင့် ကလေးတိုင်းရစေသား" ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း(MWCDF) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိတိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ခရိုင်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအသီးသီးတွင် စဉ်ဆက်မပြတ်ဖေးမကူညီထောက်ပံ့လှူဒါန်းလျက်ရှိရာ ယမန်နေ့က MWCDF အသင်းဥက္ကဋ္ဌ ဦးဆောင်သောတာဝန်ရှိသူများသည် ပဲခူးမြို့နယ်ထုံးကြီးစံပြကျေးရွာတွင် ဒေသခံရပ်မိရပ်ဖများ၊ ကျေးလက်နေအမျိုးသမီးများ၊ လူငယ်များနှင့် နယ်မြေကွင်းဆင်း သွားရောက်တွေ့ဆုံဆွေးနွေး ထောက်ပံ့လှူဒါန်းချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ (MWCDF)အသင်း၏ ဥက္ကဋ္ဌဒေါက်တာနန္ဒာသွင်းက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အသင်း၏ ရည်ရွယ်ချက်နှင့် လှုပ်ရှားဆောင်ရွက်နေမှုအား ရှင်းလင်း



ပြောကြားသည်။

ထို့နောက် အသင်း၏ တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာပေများ ပေးအပ်လှူဒါန်းခြင်း၊ ကျေးရွာဆေးပေးခန်းအတွက် အလှူငွေနှင့် ဆေးဝါးပစ္စည်းများလှူဒါန်းခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ ၇၀ ဦးအတွက် ကျောင်းဝတ်စုံများလှူဒါန်းခြင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ အခြေခံပညာကျောင်းတွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူ၁၀၇ဦးအတွက်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ၊ မုန့်များလှူဒါန်းခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီး ၁၀၂ ဦးအတွက် ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စွက်အစားအစာများထောက်ပံ့ခြင်း၊ မသန်စွမ်းသူ ၁၇ ဦးအား ထောက်ပံ့ငွေများနှင့်ဆေးဝါးများ အာဟာရဖြည့်အစားအစာများ လှူဒါန်းခြင်း၊ အသက် ၈၀ ကျော် သက်ကြီးအဘိုး၊ အဘွား ၆၅ ဦးအား အလှူငွေနှင့် အားဆေးများ၊ အာဟာရဖြည့် အစားအစာများလှူဒါန်းခြင်း၊ ရပ်/ကျေးအထောက်အကူပြုအဖွဲ့များအား အလှူငွေနှင့် အဝတ်အထည်များပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(၄၁၀)

# နွေစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေ ၁၀၄ ဒသမ ၅၄ တင်းထွက်ရှိ

မြစ်သား စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ကေလျှင် ၁၀၄ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးသီးနှံ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးနှင့် စနစ်တကျသိုလှောင်သိမ်းဆည်းတတ်စေရေး အသိပညာပေးခြင်းများဆောင်ရွက်ပေးသည်။ စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(၄၀၂)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့်ကျောင်းသား၊ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့်ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တပ်ကုန်းမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်း(ညောင်ထွန့်)မှကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်၊ ထို့နောက်ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့်လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်၊ ထို့ပြင်ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေးသွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများ၏စကားသံများကို လည်း ယခုကဲ့သို့ကြားသိရပါတယ်-





"ဘယ်လိုအကျိုးကျေးဇူးရှိနိုင်သလဲဆိုတော့ ကျွန်တော်တို့က အခုကလေးတွေ ဒီကိုရောက်လာခြင်းအားဖြင့် တပ်မတော်ရဲ့ဆောင်ရွက်ချက်တွေ၊ တပ်မတော်အနေနဲ့ အတိတ်မှာ ဘာတွေလုပ်ခဲ့တယ်။ နိုင်ငံတော်ကို ဘယ်လိုကာကွယ်ခဲ့ရသလဲဆိုတဲ့ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို သူတို့လေးတွေ သိခွင့်ရခဲ့တယ်။ ကလေးတွေအနေနဲ့ ဘာဖြစ်လာမလဲဆိုတော့ တပ်မတော်အပေါ် ချစ်မြတ်နိုးစိတ်တွေရှိလာနိုင်တယ်။ သူတို့ကိုယ်တိုင်ကလည်း ဒီပြတိုက်ထဲမှာရှိတဲ့ စစ်အင်ဂျင်နီယာရှိတယ်။ စစ်သူနာပြုတွေရှိတယ်။ ရဲဘော်တွေရှိတယ်၊ အမျိုးမျိုးရှိတယ်ပေါ့။ အဲ့တော့ သူတို့အနေနဲ့လည်း ဒီထဲမှာစိတ်ပါဝင်စားလာနိုင်တယ်။ တစ်ထောင့်တစ်နေရာကနေ ဒီထဲမှာပါဝင်လာနိုင်တယ်၊ အခုလိုစီစဉ်ပေးတဲ့ တာဝန်ရှိလူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကလေးတွေအနေနဲ့ ဒီကိုလာဖို့ဆိုတာ မလွယ်ပါဘူး။ အကြီးအကဲတွေက သယ်ယူပို့ဆောင်ရေးဆောင်ရွက်ပေးလို့သာ အဆင်ပြေတယ်လို့ မြင်မိပါတယ်" ဟုပြောသည်။

"သမီးကတော့ တပ်မတော်ရေတပ်ကို စိတ်ဝင်စားပါတယ်ရှင့်။ တပ်မတော်ရေတပ်မှာက သင်္ဘောအကြီးကြီးတွေအကြောင်းကို သင်ရတယ်။ ပြီးတော့ သင်္ဘောတွေရဲ့ အမျိုးအစားတွေ ပြီးရင်တပ်မတော်သားတွေ ဘယ်လိုကာကွယ်ပေးခဲ့တယ်ဆိုတဲ့အကြောင်းတွေ သင်ရပါတယ်ရှင့်။ ဒီလိုမျိုးအကြောင်းအရာတွေကို သိအောင်လို့ စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။ သမီးတို့လည်း တီဗွီမှာ ဒီလိုမျိုးတွေကြည့်ဖူးပါတယ်။ သမီးတို့အနေနဲ့က အခုလိုသွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လာရောက်လေ့လာခွင့်ပေးတဲ့ လူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။ (၁၀၀)

# ခရီးသည်တင်မော်တော်ယာဉ် ၃၅၂၅ စီး၊ ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်





**နေပြည်တော် စက်တင်ဘာ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်များနှင့် သတ်မှတ်ခွင့်ပြုထားသည့် ကုန်စည် ၁၄ မျိုးသာတင်ဆောင်ရမည့် ကုန်တင်ယာဉ်ကြီးများသည် Telematics GPS စနစ်တပ်ဆင်ပြီးမှသာ လမ်းအသုံးပြုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematics စနစ် GPS စက်များတပ်ဆင်ပြီး ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ခရီးသည်တင်မော်တော်ယာဉ် ၃၅၂၅ စီး၊ ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များတပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော် စီလမ်းဆုံတိုးဂိတ်ရှိ Telematics Command & Control Center က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသည့် ခရီးသည်တင်မော်တော်ယာဉ်များ သတ်မှတ်အရှိန်နှုန်း(ကီလို ၉၀) အတွင်းသာမောင်းနှင်စေရေး၊ ယာဉ်မရပ်ရသည့် နေရာများတွင် ရပ်တန့်မှုမရှိစေရေးတို့အတွက် တယ်လီဖုန်းဖြင့် သတိပေးခြင်းကို ၂၄ နာရီ ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ Telematics Command & Control Center ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော်လမ်းပိုင်း)ရှိ တိုးဂိတ်များရှိ CCTV အခန်းများ၊ ငွေကောက်ခံမှုစနစ်များ၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ထားမှု၊ ကတ္တားပေါ်၌ မော်တော်ယာဉ်များ ချိန်တွယ်၍ ဖြတ်သန်းမောင်းနှင်သွားလာနေမှုနှင့် တိုးဂိတ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုးဂိတ်အဆောက်အအုံများကို သတ်မှတ်အင်္ဂါရပ်များနှင့်အညီ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်သွားရန်၊ မော်တော်ယာဉ်များ သတ်မှတ်တန်ချိန် ကျော်လွန်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊ တိုးဂိတ်ရှိ TFI Display Board များ၊ Barrier မောင်းတံများ၊ ကတ္တားများ၊ CCTV Camera များ၊ Computer နှင့် ဆက်စပ်ပစ္စည်းများ အမြဲတမ်းကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ ပစ္စည်းများပျက်စီးမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန်၊ လမ်းအသုံးပြုခကောက်ခံရရှိမှု စာရင်းဇယားများ စနစ်တကျမှန်ကန်မှုရှိစေရန် မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ/ယာ တို့၌ သစ်ပင်စိုက်ပျိုးနေမှုနှင့် ဆွာချောင်းတံတား(အသွားလမ်း)တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

## ဧရာဝတီမြစ်ရေ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၈ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၇ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ရေပြင် / မြေပြင်လေ တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိတိုက်ခတ်နိုင်

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# ကျား၊ မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၉**

ကျား၊ မရေးရာအကြမ်းဖက်မှု အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရေး၊ အကြမ်းဖက်ခံရသူများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ထိရောက်စွာ ပေးအပ်နိုင်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကာကွယ်မြှင့်တင်ပေးနိုင်ရေးတို့ အတွက် ဝန်ကြီးဌာနများမှဝန်ထမ်းများကို ဖွင့်လှစ်ပို့ချပေးမည့် **ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများ အတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို** ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Hotel Amara ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လက်ထောက်အတွင်းဝန်၊ အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဘာသာရပ်ပို့ချမည့်သူများ၊ တာဝန်ရှိသူများနှင့်ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသမီးတစ်ဦးချင်းအပေါ် သာမက ၎င်းတို့နှင့်ဆက်စပ်နေသော လူ့အသိုင်းအဝိုင်းများနှင့်လူ့အဖွဲ့အစည်းအတွက် ပြင်းထန်သော ထိခိုက်မှုများဖြစ်ပေါ်စေကြောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် ကျား၊ မအခြေပြုအကြမ်းဖက်မှုဖြစ်ရပ်များအား ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျကိုင်တွယ်ဆောင်ရွက်နေပါကြောင်း၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်တစ်ခုကိုဖြေရှင်းရာတွင် ရဲတပ်ဖွဲ့ အခန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လူမှုရေးရာကဏ္ဍ၊ အမျိုးသမီးရေးရာကဏ္ဍ စသည့်ကဏ္ဍများရှိပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း ဥပဒေရေးရာကိစ္စရပ်များ၊ လူကုန်ကူးခံရသူများ အတွက် ဆောင်ရွက်ပေးမှုများ၊ ကျား၊ မအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်နှင့်ပတ်သက်၍ အခြေခံသဘောတရားများ၊ ကျား၊ မရေးရာ အခြေပြု အကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုပေးသူတစ်ဦးအနေဖြင့် လိုက်နာရမည့်အခြေခံမူများ၊ လုပ်ငန်းစဉ်များကို ပိုမိုနားလည်သဘောပေါက်လာကြမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ဝန်ကြီးဌာန ၅ ခုနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀ ဦးတက်ရောက်ပြီး သင်တန်းကာလ ၃ ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့်အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် လုပ်ငန်းဆပ်ကော်မတီဝင်များအနေဖြင့် မိမိတို့သက်ဆိုင်သည့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံကိန်းလုပ်ငန်းများထပ်ခြင်းမရှိစေရေး စိစစ်ရန်၊ စီမံကိန်းလုပ်ငန်းများ လျာထားခြင်း၊ အကောင်အထည်ဖော်ခြင်းများဆောင်ရွက်ရာတွင်ထိရောက်သော ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းများ၏ အရည်အသွေးပြည့်ဝစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းဆပ်ကော်မတီ၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့ဝင်ဦးစီးဌာနများအချင်းချင်း အပြန်အလှန် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန် လမ်း၊ တံတားနှင့် အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဌာနအလိုက်၊ ဒေသအလိုက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လိုသည့် လျာထားစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြကြရာ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းဆပ်ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် လမ်း၊ တံတားနှင့်အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက Zoom Application Online System ဖြင့်တက်ရောက်ခဲ့ကြောင်းသိရသည်။ **မြဝတီ**



# News and News Article Writing သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ လေ့လာ

**နေပြည်တော် စက်တင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ Indian Technical and Economic Cooperation (ITEC) တို့ပူးပေါင်းဖွင့်လှစ်သည့် News and News Article Writing သင်တန်းမှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၀ တို့သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ လေ့လာကြသည်။

ဦးစွာမြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများက MRTV Theme Song ဖြင့် သီဆိုကပြဖျော်ဖြေကြပြီး "နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ" ဗီဒီယိုကလစ်အား ပြသသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောမြင့်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Studio အား ကြည့်ရှုလေ့လာကာ သင်တန်းသား၊ သင်တန်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Radio Recording Studio၊ News Studio 2 နှင့် Audio Mastering Studio တို့တွင် အသံသွင်းမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများကိုကြည့်ရှုလေ့လာခဲ့ကြပြီး ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာ အဖြေလွှာများတွင် ပြည့်စုံစွာဖြေဆိုနိုင်သည့် သင်တန်းသား၊ သင်တန်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

⇛ **ဂျူဒိုပြိုင်ပွဲမှ**

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(C) ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဦးသန်းမောင်နှင့် ဦးမောင်မြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားသည့်ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အသင်း အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင် အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် ၄ ချက် ရွတ်ဆိုပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍အမှတ်တရလက်ဆောင်များပေးအပ်ကာ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃ သိန်းပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂျူဒိုအမျိုးသား (-၃၈)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဇင်ညီညီ(ပဲခူး)နှင့် သန်းထက်ဦး (နေပြည်တော်) အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ ဂျူဒိုအမျိုးသမီး (-၄၈)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ခင်ပိုးပိုးအောင် (မန္တလေး)နှင့် နန်းဖြူသဇင်ဦး (ရောဝတီ)တို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို(အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ပြိုင်ပွဲကာလ ၄ ရက်ကြာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း ပြိုင်ပွဲဝင်အင်အားစုစုပေါင်း ၂၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ မြို့မအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား စီမံချက်ဖြင့် နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျုံမငေးမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်း၌ အဆိုပါကျောင်းရှိအသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့်ကျောင်းသား၊ ကျောင်းသူများအားလုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ နိုင်ငံသားကတ်ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID ကတ်နံပါတ်ဆောင်ရွက်ခြင်းတို့ကိုယနေ့ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့်နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကာယကံရှင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး ကျောင်းသား၊ကျောင်းသူများအတွက်အာဟာရမုန့်များပေးအပ်ခဲ့ကြောင်း သိရသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏လူမှုဘဝဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် e-ID စနစ်အတွက် UID ကတ်နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားကတ်မရရှိသေးသူများအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများ၌ လည်းကောင်း၊ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားကတ်မရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းတို့သို့ ကွင်းဆင်း၍လည်းကောင်း လမင်းစီမံချက်ဖြင့် စိစစ်ဆောင်ရွက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြဝတီ**

---

→ ကျောဖုံးမှအဆက်

အာဖဂန်နစ္စတန်အသင်းကို ၂၅-၉၊ ၂၅-၁၃ မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သည့် ဒုတိယပွဲစဉ်၌ ဆားဘီးယားအသင်းကို ၂၅-၁၉၊ ၂၅-၂၀ မှတ် နှစ်ပွဲပြတ်ဖြင့် ထပ်မံအနိုင်ယူကာ အုပ်စုပထမနေရာရယူနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ အုပ်စု (A)တွင် ရဝမ်ဒါ၊ ရုရှားနှင့်အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ကစားသမားကိုးဦး၊ အုပ်ချုပ်/နည်းပြ သုံးဦးပါဝင်သည့်အဖွဲ့သည် စက်တင်ဘာလ ၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**နေမျိုး**

---

# ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်(CoI)တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry– CoI) တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ CoI ကော်မရှင်၏ တိုက်တွန်းချက်များအပေါ် အလုပ်သမားရေးရာ ဥပဒေများပါရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များရရှိစေရေး ဆောင်ရွက်ပေးနေမှုများ၊ အလုပ်သမားအဖွဲ့အစည်းများ၏ လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမှုများ၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(National Complaint Mechanism–NCM)ဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ILO နှင့်အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် ILO ၏ (၃၅၈)ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့(Governing Body) အစည်းအဝေးသို့ တင်သွင်းမည့် မြန်မာနိုင်ငံဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာတွင် ထည့်သွင်းပြုစုနိုင်ရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ILO ၏ စုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILO အဖွဲ့ဝင်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် လျစ်လျူရှု၍ မမှန်သတင်းများဖြင့် တစ်ဖက်သတ်စွပ်စွဲကာ မြန်မာနိုင်ငံအပေါ် လျှို့ဝှက်စောင့်ကြည့်ရေးယန္တရားတည်ထောင်ခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းအဝေးများကျင်းပကာ ဖိအားပေးသည့် ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် (၂၉) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးတွင် ILO ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအပေါ် အာတီကယ်(33)အရ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး ILO နှင့် အာဆီယံပူးပေါင်းဆောင်ရွက်ခြင်းဖြင့်မြန်မာနိုင်ငံအတွက်အပြုသဘောဆောင်ဖြစ်ပေါ်လာမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် ILO အဖွဲ့ဝင်နိုင်ငံအဖြစ် အစည်းအဝေးများ ပြန်လည်တက်ရောက်ခွင့်ရရှိစေရေးအတွက်အာဆီယံနိုင်ငံများမှအပြည့်အဝပံ့ပိုးပေးရန် ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီအဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ ဂျီနီဗာမြို့မှမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ်၊ ဘရပ်ဆဲလ်မြို့မှမြန်မာသံအမတ်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

---

# တွန်းဇံမြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် မီးလောင်ပျက်စီးသွားသည့်နေအိမ်များနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ပြုပြင်ဆောက်လုပ်လျက်ရှိ

**တီးတိန် စက်တင်ဘာ ၉**

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် ဖလမ်း၊ တီးတိန်နှင့်တွန်းဇံမြို့နယ်တို့၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် တွန်းဇံမြို့တွင်း မီးလောင်ပျက်စီးသွားသည့် နေအိမ်များနှင့် ဌာနဆိုင်ရာရုံးများပြန်လည်ပြုပြင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များ၏ မြေနေရာအခြေအနေနှင့် ထိခိုက်ပျက်စီးသည့်နေအိမ်အဆောက်အအုံများ၏ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွန်းဇံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောက်လုပ်ရန် တင်ဒါအောင်မြင်သည့် ဆောက်လုပ်ရေးကုမ္ပဏီများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက လုပ်ငန်းရှင်များတင်ပြသည့် အခက်အခဲများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြန်လည်ပြုပြင်ဆောက်လုပ်နေသည့် လမ်းဦးစီးဌာန ဧည့်ရိပ်သာနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိစစ်ဆေးပြီး အကြမ်းဖက်သမားများ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သော တီးတိန်-တွန်းဇံသွားလမ်းပေါ်ရှိ ဗျဲလ်ကျင်းတံတား ပြန်လည်ပြုပြင်တည်ဆောက်ထားမှုအခြေအနေကို သွားရောက်စစ်ဆေး၍ တံတားကြံ့ခိုင်မှုနှင့် ခံနိုင်ဝန်အားတို့အတွက် ဖြတ်သန်းသွားလာသည့်ယာဉ်များနှင့် ကုန်ပစ္စည်းအလေးချိန်များ သတ်မှတ်ချက်ထက်မကျော်လွန်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

---


| ၉-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate) | |
|---|---|
| | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ** |

# တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့်အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ




ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ရောက်ရှိနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့အတွင်း ရပ်ကွက်များရှိ နေအိမ်များအား စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၄ နာရီခန့်တွင် ဝမ်ကောင်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၅ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦးနှင့် မြန်မာနိုင်ငံသားအမျိုးသမီး ၂၆ ဦး၊ စုစုပေါင်း ၅၆ ဦးတို့အား ကွန်ပျူတာမျိုးစုံ ၆၀ လုံး၊ Wifi စက် ၅ လုံး၊ စားပွဲ ၁၄ လုံး၊ ထိုင်ခုံ ၅၁ လုံး၊ လိုင်စင်မဲ့ မော်တော်ယာဉ် ၂ စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့်လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့်မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



တရားမဝင်အွန်လိုင်းလောင်းကစားမှုလုပ်ကိုင်သည့်နေရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်အား တွေ့ရစဉ်။





ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

## Fire Dragon ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၉

Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာလ ၁၀ ရက် **(ယနေ့)**တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်အားကစားရုံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားကလပ် Black Steel Papua FC အသင်းနှင့် မြန်မာကလပ် YRG FC အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာကလပ်အသင်းများဖြစ်သည့် MIU FC နှင့် YCDC DREAM TEAM FC အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အာရှအဆင့်ရှိ အသင်းကောင်းတစ်သင်းဖြစ်သည့် အင်ဒိုနီးရှားကလပ် Black Steel Papua FC သည် အုပ်စု (A) တွင် ရမှတ် ၉ မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာကလပ် YRG FC အသင်းသည် အုပ်စု (B)တွင် ရမှတ် ၆ မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့ပြီး ဖိုင်နယ်တက်ရောက်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အလားတူ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အုပ်စု (B)မှ ရမှတ် ၉ မှတ်ဖြင့် အုပ်စုပထမရရှိထားသည့် MIU FC နှင့် အုပ်စု (A)မှ အုပ်စုဒုတိယရရှိထားသည့် YCDC DREAM TEAM FC တို့၏ ပွဲစဉ်သည် ထိပ်သီးမြန်မာကလပ်နှစ်သင်း၏ ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

နေမျိုး

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

### မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show တေးဂီတဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၁–၉–၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် မြန်မာဟန်ခေတ်ဟောင်းတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များစုပေါင်း၍ **“အသည်းထဲမှာ မိုးတွေရွာ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၁၁–၉–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “အသည်းထဲမှာ မိုးတွေရွာ” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဂုဏ်မြင့်သူ | ပြင်ပအဆိုရှင် |
| ၂။ | မောင့်လိပ်ပြာ | ပြင်ပအဆိုရှင် |
| ၃။ | ဇရာ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | မေတ္တာအရင်းခံ | ပြင်ပအဆိုရှင် |
| ၅။ | ချယ်ရီလက်ဆောင်ပေးသူရယ် | ပြင်ပအဆိုရှင် |
| ၆။ | ကျွန်မအသည်းထဲမှာမိုးတွေရွာ | ပြင်ပအဆိုရှင် |
| ၇။ | မမေ့နိုင်တာပဲခက်တယ် | ပြင်ပအဆိုရှင် |
| ၈။ | ဂီတရေစီးကြောင်း | ပြင်ပအဆိုရှင် |
| ၉။ | ချစ်မိုးကြီး | ပြင်ပအဆိုရှင် |
| ၁၀။ | ပန်းတမာလားချစ်သူလား | ပြင်ပအဆိုရှင် |
| ၁၁။ | အောင်စေတီ | ပြင်ပအဆိုရှင် |

### (၉-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၂၃၈,၂၁၆.၀၀ | ၁၂,၅၇၇,၇၃၀.၇၅ | ၈၇,၇၉၈,၀၈၇.၂၁ | - |

# တိုင်းဒေသကြီး /ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကျင်းပ



## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတား)ခရိုင်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ကျင်းပသည်။

ဖွင့်ပွဲတွင်ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံကျော်တေးသံရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ရုပ်သေးပညာရှင် ဆရာ၊ ဆရာမများ၊ ရွှေတံဆိပ်ဆုရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မော်လမြိုင်

မွန်ပြည်နယ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အကပြိုင်ပွဲဝင်များ၏ ကပြယှဉ်ပြိုင်မှုနှင့် စန္ဒရားပြိုင်ပွဲဝင်တစ်ဦး၏တီးခတ်ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် အဆိုပြိုင်ပွဲဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၈ ဦး၊ အကပြိုင်ပွဲဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦး၊ အရေးပြိုင်ပွဲဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ စန္ဒရားအတီးပြိုင်ပွဲဝင် အမျိုးသား တစ်ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **စည်သူ (၄၀၆)**



## ပဲခူး

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ (၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီ၊ နတ်တလင်း စသည့် ခရိုင်ခြောက်ခရိုင်မှ ပြိုင်ပွဲဝင် ဦးရေ ၂၅၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ဝါသနာရှင် (ပထမတန်း) အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အဆင့်၊ အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အဆင့်တို့တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



**ဥသာတိုင်းသား**

## ဘားအံ

ကရင်ပြည်နယ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။



ဆက်လက်၍ သဘင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများပေးအပ်သည်။

အဆိုပါပြိုင်ပွဲ၏ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌လည်းကောင်း၊ အဆိုပြိုင်ပွဲနှင့်အရေးပြိုင်ပွဲကို လူငယ်စင်တာ၌လည်းကောင်း စက်တင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်၊ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပုသိမ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်မှ ပြိုင်ပွဲဝင် အဆို ၁၅၉ ဦး၊ အက ၂၀၉ ဦး၊ အရေး ၁၂ ဦး၊ အတီး ၁၆၉ ဦး စုစုပေါင်း ၅၄၉ ဦး ပါဝင်၍ဘာသာရပ်အလိုက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီး၏ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်နှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးမန်းသိန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ပညာအလင်္ကာ တေးဂီတအဖွဲ့မှ ရွှေခေတ်ရောက်ပြီဒို့ဧရာဝတီ၊ မြောင်းမြပညာရေးဒီဂရီကောလိပ် ကျေးလက်ရိုးရာယိမ်းအဖွဲ့မှ ဖွံ့ဖြိုးဝေစီဧရာဝတီ တေးသီချင်းများအား ဂုဏ်ပြုသီဆိုကပြခဲ့ကြသည်။

အဆိုပါဧရာဝတီတိုင်းဒေသကြီး၏ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာလ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ပုလဲဧကရီခန်းမ၌ကျင်းပသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအဆင့်ပြိုင်ပွဲတွင် တိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်မည့် ကဗျာလွှတ်အက၊ ထားဝယ်တိုင်းရင်းသားရိုးရာရေအိုးရွက်အကများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ၇၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို စက်တင်ဘာလ ၁၀ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သတင်းတိုများ

### အမေရိကန်ရေငုပ်ဒရုန်းကို အီရန်သိမ်းဆည်းရမိ

**တီဟီရန်၊ စစ်ရေး**

အမေရိကန်ရဲ့ အဆင့်မြင့်မောင်းသူမဲ့ ရေငုပ်ဒရုန်းတစ်စင်းကို သိမ်းဆည်းရမိခဲ့တယ်လို့ အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC) က ထုတ်ပြန်လိုက်ပါတယ်။ အီရန်ရဲ့ထုတ်ပြန်ချက်အရ သိမ်းဆည်းရမိခဲ့တဲ့ ဒရုန်းဟာ အမေရိကန် စစ်ဘက်ဆိုင်ရာ ကုမ္ပဏီ Anduril Industries က ထုတ်လုပ်ထားတဲ့ Dive-LD အမျိုးအစား ရေငုပ်ဒရုန်းဖြစ်ပြီး အလျား ၅ ဒသမ ၈ မီတာနဲ့ အလေးချိန် ၂ ဒသမ ၇ တန်ခန့် ရှိတယ်လို့သိရပါတယ်။

ဒီဒရုန်းဟာ ရေအောက်မီတာ ၆၀၀၀ အထိဆင်းနိုင်ပြီး ၁၀ ရက်ကြာအထိ စူးစမ်းလေ့လာမှုနဲ့ ထောက်လှမ်းရေးလုပ်ငန်း လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ အမေရိကန်က ဒါဟာလျှို့ဝှက်နည်းပညာတွေ မပါဝင်တဲ့ဒရုန်းဟောင်းတစ်စင်းသာ ဖြစ်တယ်လို့ဆိုပါတယ်။ Ref: Xinhua

### မိုးသည်းထန်စွာရွာလို့ ဖူဂျီတောင်မှာမြေပြိုမှုဖြစ်ပွား

**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံမှာ မိုးသည်းထန်စွာရွာသွန်းခဲ့တာကြောင့် စက်တင်ဘာ ၉ ရက်က ဖူဂျီတောင်ရဲ့ တောင်တက်လမ်းတစ်နေရာမှာ မြေပြိုမှုဖြစ်ပွားခဲ့ပါတယ်။ ဒီမြေပြိုမှုကြောင့် ယာဉ်သုံးစီးမြေပိသွားခဲ့ပေမယ့် ထိခိုက်ဒဏ်ရာရတာနဲ့ သေဆုံးသူတော့ မရှိဘူးလို့ သိရပါတယ်။

လက်ရှိ ဖူဂျီတောင်တက်လမ်းအချို့ကိုပိတ်ထားပြီး မိုးလေဝသဌာနကလည်း ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းမှ အနောက်ပိုင်းအထိ မိုးဆက်လက်သည်းထန်နိုင်တာကြောင့် သတိထားကြဖို့ထုတ်ပြန်ထားပါတယ်။ Ref: ST

### ဘင်္ဂလားဒေ့ရှ်မှာဖြစ်တဲ့ ဝက်သက်ရောဂါကြောင့် သေဆုံးသူ ၁၀၀၀ ကျော်လာ

**ဒါကာ၊ ကျန်းမာရေး**

ဘင်္ဂလားဒေ့ရှ်မှာ မတ်လမှစတင်ဖြစ်ပွားတဲ့ ဝက်သက်ရောဂါကူးစက်မှုကြောင့် ကလေးငယ် ၁၀၀၀ ကျော် သေဆုံးသွားပြီလို့ ကျန်းမာရေးတာဝန်ရှိသူတွေက စက်တင်ဘာ ၉ ရက်မှာ ပြောပါတယ်။

ဒီနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့ ဝက်သက်ရောဂါဟာ အနှစ် ၄၀ တွင်း အဆိုးရွားဆုံးဖြစ်ပြီး ကလေးငယ် ၄ သန်းလောက်က ကာကွယ်ဆေးမရရှိတာကြောင့် ရောဂါကူးစက်မှုကို မထိန်းချုပ်နိုင်ဘဲ အခုလိုထိခိုက်သေဆုံးမှု များပြားခဲ့ရတာပါ။ ဒါ့အပြင် နိုင်ငံထဲမှာ သွေးလွန်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုလည်းဖြစ်ပွားနေပါတယ်။ Ref: AGC

## ပူတင်နဲ့ဒေါ်နယ်ထရမ့် ယူကရိန်းအရေး ဖုန်းနဲ့ ၁ နာရီကြာ သီးသန့်ဆွေးနွေး

**မော်စကို၊ နိုင်ငံရေး**

ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာလ ၈ ရက်ညပိုင်းမှာ ယူကရိန်းအရေးနဲ့ ပတ်သက်ပြီး ဖုန်းနဲ့ ၁ နာရီနီးပါးကြာ ပွင့်ပွင့်လင်းလင်းနဲ့အကျိုးရှိရှိဆွေးနွေးခဲ့တယ်လို့ ရုရှားသမ္မတရုံး အကြံပေးအရာရှိဖြစ်တဲ့ ယူရီအူရှာကော့က ပြောပါတယ်။

ဖုန်းဆက်ဆွေးနွေးမှုအတွင်း သမ္မတပူတင်က ရုရှားအနေနဲ့ ဥရောပနိုင်ငံတွေအပေါ် ရန်လိုတဲ့သဘောထား ဒါမှမဟုတ် ကျူးကျော်ဖို့စီစဉ်တဲ့ရည်ရွယ်ချက် လုံးဝမရှိဘူးဆိုတာကို အဓိကထားပြောခဲ့တာပါ။ ဥရောပနိုင်ငံတွေက ရုရှားခြိမ်းခြောက်မှုဆိုတဲ့ အကြောင်းပြချက်ကိုအသုံးပြုပြီး ယူကရိန်းကို စစ်ရေးအကူအညီတွေပေးဖို့နဲ့ ကာကွယ်ရေးအသုံးစရိတ်တွေကို တိုးမြှင့်ဖို့အတွက် ခုတုံးလုပ်နေကြတာဖြစ်တယ်လို့လည်း ပူတင်ကထောက်ပြခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယူကရိန်းပဋိပက္ခကို အမြန်အဆုံးသတ်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း ပြောပါတယ်။ ဒီပဋိပက္ခပြီးဆုံးသွားရင် အမေရိကန်နဲ့ ရုရှားနိုင်ငံကြား ပုံမှန်ဆက်ဆံရေးအပြည့်အဝ ပြန်လည်စတင်နိုင်မယ့် အခွင့်အလမ်းကောင်းတွေ ချက်ချင်းပွင့်လင်းလာမှာဖြစ်တယ်လို့လည်း ထရမ့်ကအလေးပေးပြောပါတယ်။ Ref: Xinhua

## အင်ဒိုနီးရှားတောမီးလောင်ကျွမ်းမှုကြောင့် ကာဗွန်ထုတ်လွှတ်မှု ကမ္ဘာ့အမြင့်ဆုံးသို့ရောက်ရှိ

**ဂျကာတာ၊ သဘာဝဘေး**



အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုနဲ့ ဆူမားတြားကျွန်းတို့မှာ တောမီးနဲ့ သစ်ဆွေးမြေတွေ မီးလောင်ကျွမ်းမှုပြင်းထန်နေတာကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုဟာ ကမ္ဘာ့အမြင့်ဆုံးအဆင့် ရောက်ရှိသွားပြီလို့ စက်တင်ဘာလ ၉ ရက်မှာထွက်ပေါ်လာတဲ့ အချက်အလက်တွေအရသိရပါတယ်။

ဥရောပသမဂ္ဂရဲ့ ရာသီဥတုစောင့်ကြည့်ရေးအဖွဲ့ရဲ့ သတင်းအချက်အလက်တွေအရ စက်တင်ဘာလ ၁ ရက်ကနေ ၇ ရက်အတွင်း အင်ဒိုနီးရှားတောမီးမှထွက်ရှိတဲ့ ကာဗွန်ထုတ်လွှတ်မှုပမာဏက မက်ထရစ်တန် ၁၉ ဒသမ ၇ သန်းအထိ ရှိပါတယ်။ ဒါဟာ ကမ္ဘာတစ်ဝန်းမှာ စုစုပေါင်း ကာဗွန်ထုတ်လွှတ်မှုရဲ့ သုံးပုံတစ်ပုံမကရှိခဲ့တာပါ။

အင်ဒိုနီးရှားနိုင်ငံဟာ မကြာခဏ တောမီးလောင်လေ့ရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး ယခုတစ်ကြိမ်မှာတော့ အလွန်အားကောင်းတဲ့ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်တွေမြင့်တက်ကာ လေထုခြောက်သွေ့ပြီး မိုးခေါင်ရေရှားမှုကိုပါ ကြုံတွေ့နေရတာပါ။ ဒါကြောင့်လည်း တာဝန်ရှိသူများက အခုတောမီးရာသီဟာ လွန်ခဲ့တဲ့ ၁၁ နှစ်အတွင်း ပြင်းထန်မှုအရှိဆုံး တောမီးရာသီ ဖြစ်လာတယ်လို့ ပြောဆိုထားပါတယ်။

အထူးသဖြင့် ဘော်နီယိုကျွန်းပေါ်က ပွန်တီယားနတ်မြို့မှာဆိုရင် လေထုအရည်အသွေးညွှန်းကိန်း ၃၉၄ အထိ မြင့်တက်နေပါတယ်။ ပုံမှန်အားဖြင့် ညွှန်းကိန်း ၃၀၀ ကျော်ရင်ကိုပဲ ကျန်းမာရေးအတွက် အလွန်အန္တရာယ်ရှိတဲ့အဆင့်လို့ သတ်မှတ်တာဖြစ်ပါတယ်။

ပညာရှင်တွေကတော့ အခုအချိန်ဟာ တောမီးရာသီအစပိုင်းရှိသေးတဲ့အတွက် လာမယ့် အောက်တိုဘာလကုန်အထိ မီးလောင်ကျွမ်းမှုတွေဆက်ဖြစ်နိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု မြင့်တက်နေဦးမယ်လို့ သတိပေးထားပါတယ်။ ၂၀၁၅ ခုနှစ်က တောမီးကြောင့်ထွက်လာတဲ့မီးခိုးငွေ့က မလေးရှားနဲ့ စင်ကာပူအထိ ကူးစက်ပြီး လူပေါင်း ၁ သိန်းအချိန်မတိုင်မီသေဆုံးရတဲ့သာဓကလည်းရှိပါတယ်။ Ref: BP

## ဟော်မုရေလက်ကြားအရေး ဝင်မပါရန် တောင်ကိုရီးယားအစိုးရကို ပြည်သူများတောင်းဆို

**ဆိုး၊ ပြည်တွင်းရေး**

အမေရိကန်ရဲ့အရှေ့အလယ်ပိုင်းစစ်ပွဲအတွင်းမှာ တောင်ကိုရီးယားတပ်မတော်အနေနဲ့ ပါဝင်ပတ်သက်တာမျိုးမလုပ်ဖို့နဲ့ မဟာဗျူဟာမြောက်အရေးပါတဲ့ ဟော်မုရေလက်ကြားအရေးမှာလည်း ဝင်မပါဖို့ တောင်ကိုရီးယားပြည်သူအချို့က အစိုးရကို စက်တင်ဘာလ ၉ ရက်မှာ ဆန္ဒပြတောင်းဆိုလိုက်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နဲ့ဖြစ်ပွားနေတဲ့စစ်ပွဲအတွင်း ကမ္ဘာ့ရေနံတင်ပို့မှုအတွက် အဓိကကျတဲ့ ဟော်မုရေလက်ကြားလုံခြုံရေးကိုပါဝင်ကူညီပေးဖို့အတွက် မဟာမိတ်ဖြစ်တဲ့တောင်ကိုရီးယားနိုင်ငံကို ဖိအားပေးနေတာပါ။ ဆိုးမြို့ရှိ အမေရိကန်သံရုံးအနီးမှာ စုဝေးခဲ့ကြတဲ့ ဆန္ဒပြသူတွေဟာ တရားမဝင်တဲ့စစ်ပွဲမှာ မပါဝင်ကြဖို့နဲ့ လူငယ်တွေကိုသေမင်းတမန်ပင်လယ်ပြင်ဆီမလွှတ်ကြဖို့ ကြွေးကြော်သံဆိုင်းဘုတ်တွေ ကိုင်ဆောင်ကန့်ကွက်ခဲ့ကြပါတယ်။ တောင်ကိုရီးယား တာဝန်ရှိသူများက ဟော်မုရေလက်ကြားအခြေအနေတွေကို လေ့လာဆန်းစစ်ဖို့ အဖွဲ့တစ်ဖွဲ့စေလွှတ်ထားတယ်လို့ဆိုပေမယ့် တပ်ဖွဲ့ဝင်များစေလွှတ်ဖို့ ဆုံးဖြတ်ချက်မရသေးဘူးလို့ဆိုပါတယ်။ Ref: ST






## ကမ္ဘာ့ရေနံစိမ်းဈေး တစ်စည်ကို ဒေါ်လာ ၁၀၀ ကျော်အထိမြင့်တက်လာ

**ဒူဘိုင်း၊ ရေနံဈေး**

အမေရိကန်နဲ့ အီရန်တို့ကြား တိုက်ပွဲတွေပိုမိုပြင်းထန်လာတာနဲ့ ဆော်ဒီအာရေဗျပိုင် စွမ်းအင်အဆောက်အအုံတွေကို ဟူသီတို့က တိုက်ခိုက်မှုတွေကြောင့် ရေနံထောက်ပံ့မှုကွင်းဆက် ထပ်မံပြတ်တောက်မှာကို စိုးရိမ်လာကြတာနဲ့အမျှ ကမ္ဘာ့ရေနံစိမ်းဈေးဟာ စက်တင်ဘာလ ၉ ရက်မှာ တစ်စည်ကို ဒေါ်လာ ၁၀၀ ကျော်အထိ မြင့်တက်သွားပါပြီ။ ဘရန့်ရေနံစိမ်းဈေးနှုန်းက နှစ်လနီးပါးအတွင်း စံချိန်တင်အောင် ပထမဆုံးအကြိမ်အဖြစ် ကန့်သတ်မျဉ်းကို ကျော်လွန်သွားခဲ့ပါတယ်။

အာရှဈေးကွက်အရောင်းအဝယ်ဖြစ်မှုတွေမှာ ဘရန့်ရေနံစိမ်းဈေးနှုန်းက ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာပြီး တစ်စည်ကို ဒေါ်လာ ၁၀၀ ဒသမ ၀၇ အထိ ရောက်ရှိသွားတာကြောင့် ဇူလိုင်လ ၂၄ ရက်နောက်ပိုင်းအမြင့်ဆုံးဈေးနှုန်းဖြစ်လာပါတယ်။

အလားတူ WTI ရေနံစိမ်းဈေးနှုန်းကလည်း ၁ ဒသမ ၈၃ ရာခိုင်နှုန်းတက်လာပြီး တစ်စည်ကို ၉၄ ဒသမ ၇၃ ဒေါ်လာအထိ ရှိလာပါတယ်။ အမေရိကန်-အီရန်ပဋိပက္ခ ပြေလည်ဖို့ ရေရှည်တည်တံ့မယ့် ဖြေရှင်းချက်တစ်ခု ရရှိလာနိုင်ခြေမှေးမှိန်လာတာနဲ့အမျှ ရေနံစိမ်းဈေးနှုန်းများက ဩဂုတ်လအစောပိုင်းကတည်းက မြင့်တက်လာတာဖြစ်ပါတယ်။ Ref: RT

MYAWADY IN ENGLISH DAILY EDITION

# Online scam and gambling offenders arrested with operational equipment in Tachilek

**NAY PYI TAW September 9**

The government is placing emphasis on the identification, prevention and suppression of online scam and online gambling offenders who have illegally entered Myanmar across the border and are posing a serious threat not only to local communities but also to the socioeconomic well-being of people around the world, treating these efforts as a national responsibility. In addition, it is coordinating with the governments of neighbouring countries to effectively identify, arrest and take legal action against those offenders.

In this regard, the reports from responsible members of the public that perpetrators of online scams and online gambling were staying in Tachilek, Shan State (East), combined teams comprising security personnel conducted investigations and searches of houses in wards across the town. At about 4 pm today, the teams arrested a total of 56 people from a house in Wamkao Ward, including five Chinese men, 25 Myanmar men and 26 Myanmar women who were involved in online scams and online gambling activities, along with 60 assorted computers, five Wi-Fi devices, 14 tables, 51 chairs, two unlicensed vehicles, and related equipment.




Unlicensed vehicles seized at the location of illegal online gambling activities.




**Offenders involved in online scam and online gambling activities seen with related equipment in Wamkao Ward, Tachilek, Shan State (East).**

The arrestees who were found to be engaged in online scams and online gambling will be subjected to the necessary investigations, after which effective and severe legal action will be taken against them in accordance with the existing laws. The seized equipment used in the activities will be dealt with further in accordance with the prescribed procedures.

The State is actively continuing its efforts to combat online scams and online gambling in cooperation with neighbouring countries, regional countries and international organizations, with the aim of eliminating such offences and preventing perpetrators from establishing and operating such activities within Myanmar.

**100**

# Pantanaw Township supplies river catfish to Yangon market

**PANTANAW September 9**

Daw Aye Win, the owner of fishery product trading depot in Pantanaw Township of Ayeyawady Region, said that local merchants shipped 52,000 viss of river catfish to Yangon market.

River catfish exports from Pantanaw Township to the Yangon market reached 52,000 viss.

"During the past month, we exported up to 52,000 viss of river catfish. The volume exported was considerably higher than in the previous month. Aquatic products produced in Pantanaw Township are being exported to the Yangon market. Demand for aquatic products from Yangon has been good both over the past month and at present. River catfish are also actively traded in the domestic market. As exports have increased, people involved in the river catfish business have seen better business conditions," said Daw Aye Win.

River catfish exported from Pantanaw Township to the Yangon market are currently fetching up to Ks-185,000 per 10 viss. Due to the increased exports of river catfish to the Yangon market, fish farmers, fish traders, fish pond workers, and truck operators are experiencing improved business conditions. **SMK**

# More than 1,000 acres of sesame stated to grow in Kalewa Township

**KALEWA September 9**

Statistics of Kalewa Township Agriculture Department stated that local farmers will grow more than 1,000 acres of sesame in monsoon season in Kalewa Township of Sagaing Region.

During the 2026-2027 monsoon crop cultivation season, Kalewa Township has targeted the cultivation of 1,011 acres of rainfed sesame, and farmland is currently being ploughed in preparation for planting.

This year, the Township Agriculture Department in Kalewa Township will provide awareness and technical support to sesame growers on expanding sesame cultivation, proper cultivation techniques, the use of GAP methods, cultivation of high-quality pure seed varieties, and the planting of high-yield sesame varieties, according to reports.

Crops produced under the GAP system are known to have higher quality and fetch better prices than crops cultivated using other farming methods. In addition to domestic markets, such crops can also be exported to international markets. Due to these advantages, farmers cultivating crops under the GAP system are expected to gain greater economic benefits and improve their socio-economic livelihoods. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyaunggon Township exports up to 54,000 viss of dried chillies to Yangon Market

**KYAUNGGON September 9**

According to Daw San Htay, a produce brokerage operator from Kyaunggon Township, dried chillies weighing up to 54,000 viss were exported to the Yangon market from Kyaunggon Township, Ayeyawady Region.

Up to 54,000 viss of dried chillies were exported to Yangon from the township. During this period, dried chillies from the area were priced at Ks-185,000 per 10 viss.

"Over the past month, we exported up to 54,000 viss of dried chillies from Kyaunggon Township into the Yangon market. We primarily export local agricultural produce not only to other towns within Ayeyawady Region but also mainly to Yangon. The locally produced chillies from Kyaunggon Township are of high quality. Because the chillies are of good quality, demand for them is also rising. Currently, the price for dried chillies is up to Ks-185,000 per 10 viss," said Daw San Htay, a produce brokerage operator from Kyaunggon Township.

The export of high-quality dried chillies from Kyaunggon Township to the Yangon market has been providing employment and income opportunities for local farmers, laborers, traders, and brokerage operators. **SMK**



# Budalin Township grows 100 percent cultivation of banana this year



**BUDALIN September 9**

According to the township Agriculture Department, local farmers have planted all sown acreage of banana plantations in Budalin Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Budalin Township has targeted the cultivation of 2,696 acres of banana plantations. Planting began in May this year, and as of today, the entire targeted acreage has been successfully planted.

"This monsoon season, Budalin Township set a target of planting 2,696 acres of bananas. Planting has been carried out as planned, and as of today, 100 percent of the target acreage has been completed. Recently, banana cultivation has also been expanding into paddy fields. Pest and disease incidence has generally remained low," said U Phyo Wai, Head of the Budalin Township Department of Agriculture.

According to local banana growers, around 1,000 banana plants are cultivated per acre. Production costs up to the fruit-bearing stage amounted to approximately Ks-2 million per acre, while returns at harvest average around Ks-5 million per acre.

The Budalin Township Department of Agriculture is also conducting field-level extension activities to promote Good Agricultural Practices (GAP), including raising awareness of the risks posed by chemical residues, encouraging the use of only registered pesticides, and ensuring that they are applied strictly according to the recommended rates stated on product labels to support the production of safe food crops. **SK**

# More than 2,000 acres of oil crops planted in ChaungU Township

**CHAUNGU September 9**

Local farmers have planted more than 2,000 acres of oilseed crops as monsoon crops in ChaungU Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, ChaungU Township has targeted the cultivation of 13,610 acres of oilseed crops. Planting began in May this year, and as of today, 2,782 acres have been planted.

"This year's monsoon cropping season, ChaungU Township has targeted the cultivation of more than 13,000 acres of oilseed crops. As of today, more than 2,000 acres have already been planted. We are working to ensure that the full target acreage is achieved. The oilseed crops are progressing well, and we are also promoting the expansion of oilseed cultivation throughout the area," said U Tint Swe, Head of the ChaungU Township Department of Agriculture.

This year, a total of 2,782 acres of oilseed crops have been planted in ChaungU Township, comprising 1,805 acres of groundnut, 735 acres of sesame, and 242 acres of sunflower.

During the 2026–2027 monsoon cropping season, ChaungU Township has set cultivation targets of 9,800 acres of groundnut, 3,560 acres of sesame, and 250 acres of sunflower, for a total of 13,610 acres of oilseed crops.

Staff members from the Township Agriculture Department help local farmers prevent pests and weeds in the plantations and put records on inspected plantations.

**SMK**

# Summer sesame crop fully harvested in Yinmabin District this year crop season

**YINMABIN September 9**

According to records from the Yinmabin District Agriculture Department, the summer sesame planted during this year's summer growing season in Yinmabin District, Sagaing Region, has now been fully harvested on a hundred-percent acreage basis.

In Yinmabin District, during this year's summer growing season, summer sesame was planted on up to 3,504 acres. Harvesting of these summer sesame fields began in May this year, and to date, 100 percent of the acreage has been harvested, yielding over 18 baskets per acre.

"We planted only up to 3,504 acres of summer sesame in Yinmabin District during this year's summer growing season. All the planted sesame fields have now been fully harvested. We have also been working to promote the expansion of sesame cultivation, improve yields, and encourage farming using Good Agricultural Practices (GAP) techniques," said Daw Sandar Moe, District Head of the Yinmabin District Agriculture Department.

This year, the completion of summer sesame harvesting by township in Yinmabin District is as follows: 2,379 acres in Yinmabin Township, 888 acres in Salingyi Township, and 237 acres in Pale Township, totalling 3,504 acres.

This year, the relevant township agriculture departments have provided knowledge and training to summer sesame farmers in Yinmabin District on expanding sesame cultivation, farming techniques, GAP methods, using high-quality and pure seeds, and planting high-yield varieties.

Crops produced under the GAP system are of better quality, command higher prices, and can be sold not only in domestic markets but also exported to international markets compared to crops grown using other methods. Due to these benefits, farmers who adopt GAP practices are expected to gain greater profitability and see improvements in their socio-economic well-being. **SK**

# Russia, Vietnam switching to national currencies in mutual trade - Putin

**MOSCOW September 9**

Russia and Vietnam are consistently switching to national currencies in mutual trade, Russian President Vladimir Putin said on Wednesday.

"Russia and Vietnam are consistently switching to national currencies in financial settlements and building reliable channels for credit and banking cooperation. In this way, we are protecting bilateral trade from the negative impact of global political conditions and volatility in global markets," Putin said following the talks with Vietnamese President To Lam in Moscow.

Putin also noted the work of Russia and Vietnam on the transit of Russian goods to third countries.

Russia and Vietnam's energy cooperation is developing, Putin added.

Vladimir Putin called his conversation with Vietnamese President To Lam useful and meaningful.

"Very useful and meaningful Russian-Vietnamese talks have just ended. And, as you have seen, a solid package of important, mutually beneficial bilateral agreements has been signed," Putin said.

The Russian-Vietnamese relations are being given new meaning based on the interaction between Vietnam and the Soviet Union in the past, Putin said.

"Russia and Vietnam are strategic partners, and relations between our countries are always based on the principles of equality, respect and consideration of each other's interests," Putin said.



Russia and Vietnam set priorities for a further deepening of partnership during talks in the Kremlin, Putin said, adding that the positions of both countries on the international arena are close.

The Vietnamese President is in Russia on a State visit. On Wednesday, he participated in talks with Putin. **Sputnik**

# Chemical leak at Southern California factory prompts evacuations

**LOS ANGELES September 9**

Emergency crews responded Tuesday to a chemical leak at a factory in La Habra, Southern California, which prompted nearby residents to temporarily shelter in place.

The incident was reported at 11:53 am (1853 GMT) in the 500 block of South Cypress Street of La Habra. Responding firefighters found an industrial chemical manufacturing facility with an orange smoke plume rising from the roof, according to the Los Angeles County Fire Department.

A 1-mile (1.6-km) evacuation zone was established around the facility, according to the department.

Hazardous materials teams from the department entered the facility and brought the leak under control. The plume subsequently dissipated, the department said.

The evacuation order was lifted by Tuesday afternoon. La Habra Police Department continued to monitor air quality in the area and said there is no "active risk" to residents.

**Xinhua**

# Russia hopes US peacekeeping efforts in Ukrainian settlement will continue - Kremlin

**MOSCOW September 9**

Russia hopes that Washington's peacekeeping efforts in the Ukrainian settlement will continue, Kremlin spokesman Dmitry Peskov said on Wednesday.

"We hope that the peacekeeping efforts of our interlocutors from Washington will continue," Peskov told reporters.

Russia remains in contact with US representatives on the Ukraine settlement process, Peskov said.

"We are maintaining contacts with our US counterparts," Peskov told reporters.

He added that no formal roadmaps for a settlement existed.

On September 5, Russian President Vladimir Putin hosted US presidential envoys Steve Witkoff and Jared Kushner in the Kremlin for talks, which lasted about three hours. During the meeting, the Russian leader emphasized the need to eliminate the root causes of the Ukrainian conflict, Kremlin aide Yuri Ushakov said.

After visiting Moscow, the special envoys held talks with Vladimir Zelensky in Kiev. Ukrainian broadcaster TSN reported that representatives from the United Kingdom, France and Germany joined the meeting at one point.

Kiev knows what compromises need to be made in order to reach a settlement of the conflict, Dmitry Peskov said.

"Kiev knows perfectly well what needs to be done, and what compromises need to be shown in order to really reach a peaceful settlement," Peskov told reporters.

The contacts between Russian President Vladimir Putin and US President Donald Trump at the upcoming APEC summit were not discussed in detail during the leaders' recent conversation, but such a possibility exists, Peskov said.

Putin and Trump had a telephone conversation on Tuesday.

**Sputnik**

# One dead, over 40 injured as heavy rain lashes central Japan

**TOKYO September 9**

At least one person has been killed in a landslide and more than 40 others injured in central Japan as torrential rain continued to pound the region, local media reported Wednesday.

Some 41 people sustained minor injuries as of 1 pm local time on Wednesday in Nagoya City, Aichi Prefecture, while a person caught in a landslide Tuesday morning in Kawanehoncho, Shizuoka Prefecture, was pronounced dead on Wednesday, Kyodo News reported.



As of Wednesday, around 3,500 people had taken shelter at evacuation centers and some 200 vehicles had been inundated in Nagoya, the report said.

The Japan Meteorological Agency said Wednesday that heavy rain is expected to continue across wide areas of the country through Thursday due to an active front, urging people to remain on high alert for landslides and overflowing rivers. **Xinhua**

# Panamanian oil tanker hit by unknown projectile in Iraqi waters

**BAGHDAD September 9**

A Panamanian-flagged fuel oil tanker was struck by an unknown projectile early Wednesday in Iraqi territorial waters, causing material damage to its hull but no crew casualties or fuel spills, Iraq's Transportation Ministry said in a statement.

The incident occurred at 5:30 am local time (0230 GMT), when the tanker "was struck by an unknown source" while within Iraqi territorial waters, it said.

Relevant security, official and maritime authorities immediately took precautionary measures, it said, adding the surrounding area was inspected on-site to ensure no fuel leaks, further damage, or other risks.

An investigation has been launched to determine the source of the attack, the ministry said.

The incident came amid heightened regional tensions and ongoing security risks affecting global shipping and energy transport across the Gulf and surrounding waterways.

**Xinhua**

# Pancreatic cancer is terrifyingly deadly and there are almost no symptoms until it's too late. But, analysing the dozens of patients I've treated, there ARE warning signs... including this specific back pain: DR PHILIPPA KAYE

As a GP at a busy London surgery, I see thousands of patients every year. Sometimes, even often, you won't remember every consultation without your notes – but there are some patients, and some diagnoses, that stay with you for years.

Take Alan – not his real name – who I'd seen regularly at my surgery for more than a decade. Over that time, as his GP, I'd got to know him and his health well.

So it came as a shock when a letter arrived from the hospital informing me that, at 77, he had been diagnosed with stage four pancreatic cancer.

He was extremely unwell by then and, sadly, died within a few months.

I immediately went back through his notes. Had we missed something?

Had he come to the surgery months earlier with indigestion, unexplained weight loss, nausea or fatigue – vague complaints which, with hindsight, might have been the first signs of his cancer?

I could find nothing.


Alan's case illustrates the terrifying truth about pancreatic cancer. It can strike almost without warning, causing few obvious symptoms until it has already spread and become far harder to treat.

But then I think of another patient, Leroy – also not his real name.

He was a sprightly, generally healthy man in his late 60s, who would come in every year for his flu jab. He wasn't overweight, didn't smoke and ate pretty healthily. Aside from high blood pressure, there was little remarkable about his medical history.

Then a routine blood tests showed something unexpected: he had developed diabetes.

That in itself wasn't extraordinary. Type 2 diabetes is extremely common. But Leroy didn't look like the typical patient I would expect to develop it.




He wasn't overweight, had no family history of the condition and, when we spoke, mentioned something else: over the previous few weeks, he had actually been losing weight.

That combination bothered me.

Further investigations eventually revealed the cause. Leroy had pancreatic cancer.

His tumour could not be surgically removed, but as we caught it relatively early, he was able to receive other treatment and enjoyed several more years with his family.

These two men illustrate something important about one of the most brutal cancers I encounter as a doctor.

Pancreatic cancer kills around three-quarters of patients within a year of diagnosis, and its reputation as a 'silent killer' is not entirely undeserved. Its early symptoms can be absent or so vague that neither patient nor doctor has any obvious reason to suspect cancer.

But I worry that we have allowed that message to become too simplistic.

Because pancreatic cancer can give us clues. And sometimes, as with Leroy, the important warning isn't a dramatic symptom at all. It is simply that something about a patient's health suddenly doesn't make sense.

As a GP, those are the changes I pay attention to.

In Leroy's case, it was the sudden development of diabetes that first raised the alarm.

And his experience is not unusual. Research shows that about one in every 100 people with new-onset diabetes is diagnosed with pancreatic cancer within three years.

I don't want people with newly diagnosed diabetes to panic. Type 2 diabetes is common and in the vast majority of cases, the cause won't be a tumour.

But if someone develops diabetes in later life without the risk factors we usually expect to see – particularly without being overweight or with a family history – then I want to know why.

If they are losing weight unexpectedly, as Leroy was, it would make me more suspicious still.

There is a biological reason for this. The pancreas is a gland that produces insulin – the hormone that helps regulate blood sugar.

A tumour can interfere with this process, causing blood sugar levels to rise and, in some cases, triggering diabetes before the more recognisable symptoms of pancreatic cancer appear.

Ordinary type 2 diabetes tends to develop gradually, often over several years. Many people have no obvious symptoms at all and are diagnosed only after a routine blood test.

But diabetes linked to pancreatic cancer can behave differently. Blood sugar may rise rapidly, over a matter of weeks or months, and can prove unexpectedly difficult to control.

In some patients, levels continue to climb despite treatment – meaning they need increasingly powerful medication.

It's also important to know that while pancreatic cancer can trigger diabetes, having longstanding type 2 diabetes is itself associated with an increased risk of developing pancreatic cancer.

Studies suggest that people who have had type 2 diabetes for more than five years have almost twice the risk of pancreatic cancer compared with those without diabetes.

Again, that needs perspective: Pancreatic cancer remains rare, so the overwhelming majority of people with diabetes will never develop it.

What would concern me more as a GP is a sudden, unexplained change. If someone's diabetes has been well controlled for years but their blood sugar suddenly starts climbing despite treatment, requiring stronger medication or increasing doses of insulin, I would want to understand why.

Blood sugar changes aren't the only easily missed early warning sign, however. Some of the most useful clues may be visible when you go to the loo.

Patients are understandably not always keen to discuss their bowel movements with their GP. But a persistent change in what is normal for you – particularly one lasting several weeks – is a symptom I want to know about.

The pancreas produces enzymes that help us digest food, particularly fats. If a tumour disrupts this process, stools can become unusually greasy or oily, pale, foul-smelling and prone to floating in the toilet.

There is another change to look out for. A tumour can block the flow of bile into the intestine. Without the pigments in bile that normally give stools their brown colour, they can become unusually pale or even clay-coloured.

At the same time, urine can become noticeably darker. Research examining symptoms recorded in primary care has suggested that dark urine can appear months before pancreatic cancer is diagnosed.

Finally, many patients with pancreatic cancer describe a particular type of back pain as one of the early symptoms they initially dismissed.

Of course, back pain is extraordinarily common and, as with diabetes and changes in bowel habits, in the vast majority of cases it will have nothing to do with pancreatic cancer.

But there is a particular pattern patients should be aware of.

The pain can begin in the upper abdomen and seem to bore or radiate straight through to the back. Some patients find it becomes worse after eating or when lying flat, while sitting forward or leaning over can bring relief.

This can happen because a growing tumour presses on nerves and other structures around the pancreas, with eating or changes in posture altering that pressure. **Mail Online**

➧ ကျောဖုံးမှအဆက်

ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်တွင်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၂ပွဲ ၁ ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာအတိုးတက်ဆုံး အားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှကျောနံပါတ်(၁) မောင်ဘုန်းသစ်ဟန်အား ငွေကျပ် သုံးသိန်းကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင်အကောင်းဆုံးအားကစားသမားဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၆)မောင်ဇော်မင်းခန့်အား ငွေကျပ်သုံးသိန်းကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆု ရရှိသည့်ကျောနံပါတ်(၃)မောင်ဇင်မင်းဦးအား ငွေကျပ်သုံးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ကလည်းကောင်း၊ အတိုးတက်ဆုံးအသင်းဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား ငွေကျပ်ငါးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား Trophy နှင့် ငွေကျပ်ခြောက်သိန်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား Trophy နှင့် ငွေကျပ်ခြောက်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ် ၁၀ သိန်းကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းကလည်းကောင်း၊အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့်ငွေကျပ်၁၀ သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၂၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၂၀ ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင်ပထမဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင်ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို စက်တင်ဘာလ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိအားကစားရုံ(A)၌ပြိုင်ပွဲကာလခုနစ်ရက်ကြာကျင်းပရာ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၇သင်းစုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၂၆၄ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

## လှည်းကူးမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**လှည်းကူး စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးလှည်းကူးမြို့နယ် ကြာအင်းအရှေ့ကျေးရွာ၌ ကျန်းမာရေးကွင်းဆင်းဆောင်ရွက်ပေးမှုကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို လှည်းကူးမြို့နယ်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသောင်းဒန်ဦး၊ သမားတော်ဒေါက်တာပွင့်သစ်ထွန်းတို့ဦးဆောင်သော ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ကြာအင်းအရှေ့ကျောင်းကြီးကျောင်းတိုက်၌ လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ကိုယ်ဝန်ဆောင်မိခင် ၁၃ဦး၊ ငါးနှစ်အောက်ကလေး ခုနစ်ဦး၊ အသက် ၆၀ နှစ်အထက်လူနာ ၂၉ ဦး၊ သွေးတိုးလူနာ ၁၅ဦး၊ ဆီးချိုလူနာနှစ်ဦး၊ သွေးတိုးဆီးချိုလူနာခြောက်ဦး၊ လက်မောင်းတွင်းသန္ဓေတားပစ္စည်းထည့်သူ ၁၀ဦး စုစုပေါင်းလူနာ ၈၂ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး လိုအပ်သောကုသမှုများဆောင်ရွက်ပေးသည်၊ အဆိုပါကွင်းဆင်းဆေးကုသမှုအား ရန်ကုန်တိုင်းဒေသကြီးအမှတ်(၃) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ လှည်းကူးမြို့နယ်အမှတ်(၁)မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးနိုင်တို့ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန်းစံ(၆၀၄)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်ထွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပျောက်ဆုံးကြောင်း**
ဖူးဝေနှင်း(ဘ)ဦးမြင့်ထွေး ၁၂/လသယ(နိုင်)၀၇၇၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နန်းမိမင်း(ဘ)ဦးမောင်မောင် ၃/ဘအန(နိုင်)၃၅၃၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 602391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းစပါယ်ခိုင်(ဘ)ဦးစောရင်ကွန် ၃/ဘအန(နိုင်)၃၈၄၆၆၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MB 603878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နူးနူးစင်စော(မ်)(ဘ)ဦးဘရန်ဆိုင်း ၁၃/နခတ(နိုင်)၁၀၄၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 724153)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကျော်အဲ့ရှူး(ဘ)ဦးအောင်သိန်းကြည် ၃/ကဆက(နိုင်)၀၈၈၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 624221)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မင်းနိုင်ဇော်(ဘ)ဦးထွန်းဝင်း ၃/ဘအန(နိုင်)၄၀၉၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 888902)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မေဖြူဝင်း(ဘ)ဦးမြင့်အေး ၁၂/ထတပ(နိုင်)၀၅၈၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဝေဖြိုးကျော်(ဘ)ဦးကျော်စိုးမိုး ၅/ကလထ(နိုင်)၀၈၆၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၆၇၁၈၁၄

**ပျောက်ဆုံးကြောင်း**
ဇေယျကိုကို(ဘ)ဦးမြင့်ရွှေ ၁၂/မဂဒ(နိုင်)၁၅၈၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 235493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၇၃၁၇၀၁

**ပျောက်ဆုံးကြောင်း**
စုဖြူဝင်း(ဘ)ဦးစောဟန် ၁၃/ကမန(နိုင်)၁၃၉၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 099871)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၆၆၀၆၄၇

**ပျောက်ဆုံးကြောင်း**
စိုင်းအောင်လှိုင်မြင့်(ဘ)ဦးကံရီ ၁၄/ညတန(နိုင်)၁၀၅၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

**ပျောက်ဆုံးကြောင်း**
နှင်းမြတ်သူ(ဘ)ဦးစန်းသိန်း ၁၄/ပတန(နိုင်)၂၅၃၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ပိုင်(ဘ)ဦးခင်မောင်ငွေး ၉/မခန(နိုင်)၂၉၈၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 230801)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၉၉၀၆၄၈

**ပျောက်ဆုံးကြောင်း**
နန်းခမ်းမိုင်(ဘ)ဦးငိုးခွက် ၁၃/မဆတ(နိုင်)၁၆၁၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 626407)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၆၂၅၃၉၆

**ပျောက်ဆုံးကြောင်း**
ဝေဝေထွန်း(ဘ)ဦးယော်ဖွါဆိုက် ၁၃/ကခန(နိုင်)၁၂၂၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ML 047958)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

**ပျောက်ဆုံးကြောင်း**
ချမ်းမြေ့သူ(ဘ)ဦးမျိုးလွင် ၁၂/ဥကတ(နိုင်)၁၅၁၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

**ပျောက်ဆုံးကြောင်း**
သွယ်အိမွန်(ဘ)ဦးမောင်ကျော် ၉/မထလ(နိုင်)၄၀၈၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 108092)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉- ၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ခင်မိုးမြင့်(ဘ)ဦးငွေရ ၉/မထလ(နိုင်)၀၄၅၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉- ၉၅၄၄၇၁၇၇၄

**ပျောက်ဆုံးကြောင်း**
ကြည့်မြင်တိုင်မြို့နယ်၊ စက္ကန့်(၃)လမ်းနေ မလင်းသီဂီကျော်(ဘ)ဦးအေးကျော် ၁၂/ကမတ(နိုင်) ၀၇၃၃၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၂၂၇၀၀

**ပျောက်ဆုံးကြောင်း**
အောင်လံမြို့နယ်၊ သပြေပင်ရွာနေ ခင်သူထက်(ဘ)ဦးမြင့်ခိုင် ၈/အလန(နိုင်)၁၈၄၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 512711)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်းနေ ဦးအောင်အောင်စိုး(ဘ)ဦးမြ ၇/ညလပ(နိုင်)၀၁၄၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၅၃၉၄၂၇

**ပျောက်ဆုံးကြောင်း**
မရမ်းကုန်းမြို့နယ်၊ ချော်တွင်းကုန်း၊ အမှတ်(၁၀)ရပ်ကွက်နေ ဝင်းသူဇာ(ဘ)ဦးဝင်းမောင် ၈/ပခက(နိုင်)၃၀၇၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၂၃၄၁၆၄၁

**ပျောက်ဆုံးကြောင်း**
နှင်းယုလှိုင်(ဘ)ဦးအုံးကြည် ၁၂/ကမန(နိုင်)၀၀၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၄၁၀၉၅၀

**ပျောက်ဆုံးကြောင်း**
နွဲ့အေး(ဘ)ဦးကွန်းမြင့် ၁၂/ဗဟန(နိုင်)၀၄၃၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၅၄၄၅၈၉

**ပျောက်ဆုံးကြောင်း**
ထားထားရီ(ဘ)ဦးသန်းနိုင် ၇/ပတန(နိုင်)၀၀၃၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉- ၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လှနှင်းစိန်(ဘ)ဦးလှသိန်း ၁၂/တတန(နိုင်)၀၂၃၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၈၆၄၄၈၈

**ပျောက်ဆုံးကြောင်း**
အောင်မိုး(ဘ)ဦးစိုးမြင့် ၇/ကကန(နိုင်)၀၆၄၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉- ၄၂၀၇၄၁၅၆၂

စာပေမြင့်မှ လူမျိုးတင့်မည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)နှင့် (ပြင်ဦးလွင်ရုံးခွဲ)တို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) သုတေသနလက်ထောက်(၄)
(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၁၀)နေရာ

(ခ) အငယ်တန်းစာရေး
(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၁၀)နေရာ

(ဂ) ယာဉ်မောင်း (၅)
(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) (၁၀)နေရာ

(ဃ) လုပ်သား(ဓာတ်ခွဲခန်း)
(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (၅)နေရာ

(င) ရုံးအကူ/စာပို့
(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (၅)နေရာ

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဂ) သုတေသနလက်ထောက်(၄)ရာထူးအတွက် တက္ကသိုလ်မှ သိပ္ပံဘွဲ့၊ အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်မှ သိပ္ပံ/ဝိဇ္ဇာဘွဲ့ရရှိရမည်။ ယာဉ်မောင်း(၅)ရာထူးအတွက် အခြေခံပညာအထက်တန်းအဆင့်ရှိရမည်၊ ယာဉ်မောင်းလိုင်စင်(ခ)ရှိရမည်။ လုပ်သား(ဓာတ်ခွဲခန်း)ရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။ ရုံးအကူ/စာပို့ရာထူးအတွက် အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
(ဃ) လျှောက်လွှာပိတ်သည့် (၇-၁၀-၂၀၂၆)ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်စေရ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်စေရ။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး၊ ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက သတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်လက်ခံပေးမည်ဖြစ်ပါသည်၊
(င) ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)နှင့် (ပြင်ဦးလွင်ရုံးခွဲ)တို့တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(စ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)ခံရသူများလျှောက်ထားခွင့်မရှိပါ၊
(ဆ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက ဌာနတွင်အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ရေးထိုးရမည်။

၃။ ဤဦးစီးဌာနမှသတ်မှတ်ထားသောလျှောက်လွှာပုံစံအားထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-

(က) တစ်လအတွင်းရိုက်ထားသောပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဂ) အောင်လက်မှတ်မိတ္တူ/ဘွဲ့လက်မှတ်မိတ္တူ၊ အငယ်တန်းစာရေးရာထူးအတွက် ကွန်ပျူတာသင်တန်းပြီးမြောက်ကြောင်းလက်မှတ်မိတ္တူနှင့် ယာဉ်မောင်း(၅)ရာထူးအတွက် ယာဉ်မောင်းလိုင်စင်(ခ)မိတ္တူ
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီတစ်လအတွင်း နေထိုင်ကြောင်းအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်မူရင်း၊ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း ဌာနအကြီးအကဲ၏ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ခွင့်ပြုကြောင်းထောက်ခံစာမူရင်း
(စ) ယခင်ဝန်ထမ်းဖြစ်ပါက တာဝန်မှနုတ်ထွက်ခွင့်ပြုကြောင်းအမိန့်စာမူရင်း

၄။ စာရွက်စာတမ်းမပြည့်စုံသောလျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်လွှာထုတ်ယူခြင်းကို (၈-၉-၂၀၂၆)ရက်မှ (၆-၁၀-၂၀၂၆)ရက်အထိ ရုံးချိန်အတွင်း ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နှင့် ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)၊ ရပ်ကွက်ကြီး(၁၆)၊ စည်သာရပ်၊ အနီးစခန်းလေယာဉ်ကွင်းအနီး၊ ပြင်ဦးလွင်မြို့နယ်တို့၏ ဝန်ထမ်းရေးရာဌာနခွဲများတွင် ကိုယ်တိုင်နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်အထောက်အထား(မူရင်း)များနှင့်အတူ လာရောက်ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ အရည်အချင်းစစ်(ရေးဖြေ)စာမေးပွဲ၊ လက်တွေ့နှင့်လူတွေ့စစ်ဆေးခြင်းတို့အား ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) တည်ရှိရာ အမှတ်(၅)၊ ဇီဝကလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အရည်အချင်းစစ်စာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို အချိန်မီ အကြောင်းကြားပေးသွားမည်။

၇။ စစ်ဆေးမှုများပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနကတိုက်ရိုက်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတွင် ဆေးစစ်ဆေးမှုပြုလုပ်ပြီး ဆေးအောင်မြင်သူများကိုသာခန့်ထားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာဌာနခွဲများသို့ ဖုန်းအမှတ် ၀၁-၃၇၅၄၄၇၊ ၀၁-၃၇၅၄၅၇ လိုင်းခွဲ-၁၁၇၊ ၀၉-၈၈၄၄၂၂၄၄၊ ၀၉-၄၄၃၉၁၅၀၂၂ နှင့် ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာဌာနခွဲများသို့ ဖုန်းအမှတ် ၀၉-၈၁၁၁၂၂၀၅၊ ၀၉-၄၀၂၇၅၁၃၅၉ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

### LIU YONG XING COMPANY LIMITED
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၉)ရက် ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် LIU YONG XING COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဌေးဌေးမာ (B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178) (လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အား ခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ဌေးဌေးမာထံသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Su Yee Phyo | Daw Htay Htay Mar |
| Director | Insolvency Practitioner |
| LIU YONG XING | (B.Com, CPA) |
| COMPANY LIMITED | 25-B, 5th Floor, Zalun Street, Sanchaung Township, Yangon. |

---

### F & N FOODS PTE LTD
### (Pursuant to Sections 147(a)(2)and 152(a)of the Myanmar Insolvency Law)
### (In Voluntary Liquidation)

Notice is hereby given that at the Extraordinary General Meeting of Shareholders of F & N FOODS PTE LTD held on (8.9.2026), a special resolution was passed that the Company be voluntarily wound up and that U Zin Wai [B.Com(AA), C.P.A(210)], Certified Public Accountant, be appointed as the Liquidator; therefore, all persons claiming to be creditors of the above-named Company are requested to submit full details of their claims together with any supporting documentary evidence to the Liquidator at the designated address on or before (8.10.2026).

| | |
|---|---|
| U Zin Wai | LEONG CHI HOW CHRISTOPHER |
| [B.Com(AA), C.P.A(210)] | DIRECTOR |
| Liquidator | F & N FOODS PTE LTD |

---

### MANN HONE PYIN COMPANY LIMITED
### နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁၁(က)အရ ဖျက်သိမ်းဆဲ MANN HONE PYIN COMPANY LIMITED ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်
ကျင်းပမည့်အချိန် - နံနက်(၁၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်(၁၈၈)၊ ၃၇ လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဦးရှင်ငြိမ်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**Insolvency Practitioner No.103594**
**အမှတ်(၅၀)၊ ၅၆လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**

---

#### ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ စံပြအလင်္ကာကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဆုရည်နန္ဒာ၏ဖခင် ဦးဟေမာနိစိုး၏အမည်မှန်မှာ ဦးဟိန်းမင်းစံ ၁၄/မအန(နိုင်)၁၅၀၇၂၇ ဖြစ်ပါကြောင်း။
ဦးဟိန်းမင်းစံ

#### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၄)ကျောင်း Grade-12 မှ မအေးငြိမ်းသူ၏မိခင်ဖြစ်သူ ဒေါ်ဝင်းခိုင်နှင့် ဒေါ်အေးမြင့်သန်း ၉/တသန(နိုင်)၁၀၁၃၇၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ဝင်းခိုင်(ခ)ဒေါ်အေးမြင့်သန်း

#### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဂျမ်းတိုက်ကျေးရွာအုပ်စု၊ အ.ထ.က ရွှေကျောင်း Grade-12 မှ မရွှေရည်နှင်း၏ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၁၄/ဇလန(နိုင်)၀၅၅၅၇၆ ဖြစ်ပါကြောင်း။
ဦးဝင်းအောင်

#### ပျောက်ဆုံးကြောင်း
လုပ်ပန်း(ဘ)ဦးအိုက်ဆန်း ၁၃/မမထ(နိုင်)၀၁၀၉၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 375854)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၄၇၃၁၉၂

#### ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (ခွဲ)စံဝါအောင်း၊ Grade-12 မှ မခိုင်မြင့်မြတ် နှင့် Grade-6 မှ မောင်မြင့်မြတ်သော်တို့၏ ဖခင်အမည်မှန်မှာ ဦးကြိုင် ၉/ပဘန(နိုင်)၁၅၇၀၄၅ ဖြစ်ပါကြောင်း။
ဦးကြိုင်

#### ဖခင်အမည်မှန်
ပဲခူးမြို့နယ်၊ အထက(၆)ကျောင်း၊ Grade -9 မှ မဇာဇင်နှင်းနှင့် Grade-12 မှ မဇာဇင်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးစန်းနိုင် ၈/ပမန(နိုင်)၁၁၇၇၅၁ ဖြစ်ပါကြောင်း။
ဦးစန်းနိုင်

#### ပျောက်ဆုံးကြောင်း
ထိန်ထိန်ဇော်မိုး(ဘ)ဦးသန်းဇော်ဦး ၉/ရမသ(နိုင်)၁၉၉၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၀၃၂၄၆၁

#### ပျောက်ဆုံးကြောင်း
ကိုကိုနိုင်(ဘ)ဦးကျော်ကျော်နိုင် ၇/ပတန(နိုင်)၁၅၁၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၈၆၃၈၈၅

#### ပျောက်ဆုံးကြောင်း
သူဇာဝင်း(ဘ)ဦးစိန်ကျော် ၁၂/ကတန(နိုင်)၁၃၂၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၂၈၉၁၁၈

#### ပျောက်ဆုံးကြောင်း
အောင်ဝေဖြိုး(ဘ)ဦးဖုန်းကျော် ၉/ပမန(နိုင်)၂၈၇၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၈၂၅၄၇၄

#### ပျောက်ဆုံးကြောင်း
ဘိုစောမင်း(ဘ)ဦးမောင်စံသိန်း ၁၁/ပဏတ(နိုင်)၀၉၂၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

#### ပျောက်ဆုံးကြောင်း
ကိုနိုင်(ဘ)ဦးမောင်ညို ၁၃/ဖခန(နိုင်)၀၈၈၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၂၅၉၅၄

#### ပျောက်ဆုံးကြောင်း
ခင်စောအေး(ဘ)ဦးဆိုးတေ ၉/သေရ(နိုင်)၀၀၉၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၉၈၀၀၉၂

#### ဖခင်အမည်မှန်
ပဲခူးမြို့နယ်၊ အထက(၆)ကျောင်း၊ Grade -12 မှ မောင်လွှမ်းမိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဝင်း ၇/သနပ(နိုင်)၁၀၈၃၄၂ ဖြစ်ပါကြောင်း။
ဦးသန်းဇော်ဝင်း

#### ပျောက်ဆုံးကြောင်း
ကျော်မင်းထွန်း(ဘ)ဦးသန်းမောင် ၁၂/တမန(နိုင်)၁၄၃၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

#### ပျောက်ဆုံးကြောင်း
ခိုင်ဝေဖြိုး(ဘ)ဦးဇော်နိုင်ထွန်း ၁၂/ဥကတ(နိုင်)၁၆၆၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

#### ပျောက်ဆုံးကြောင်း
စောကျော့ပေ(ဘ)ဦးလှဝင်း ၃/လဘန(နိုင်)၂၀၇၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

#### ပျောက်ဆုံးကြောင်း
ရတနာမြင့်(ဘ)ဦးမြင့်ကြူ ၇/ကကန(နိုင်)၁၁၁၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

#### ပျောက်ဆုံးကြောင်း
ကျော်ကျော်(ဘ)ဦးစိုးငြိမ်း ၁၂/ကမတ(နိုင်)၀၆၆၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

#### ပျောက်ဆုံးကြောင်း
နန့်ခိုင်နှင်းဝေ(ဘ)စောကျော်အဲ ၃/ဘအန(နိုင်)၄၅၉၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 252647)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

#### ပျောက်ဆုံးကြောင်း
တိုးတိုးအောင်(ဘ)ဦးစိန်ဖေ ၁၀/ကထန(နိုင်)၀၂၅၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

---

### FULL MAX COMPANY LIMITED
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "FULL MAX COMPANY LIMITED"ရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၉-၉-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးမှပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီသို့ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်ထံ ဆက်သွယ်ဆောင်ရွက်ရန်ကြေညာလိုက်သည်။

---

### "U M P ENGINEERING & CONSTRUCTION COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ U M P ENGINEERING & CONSTRUCTION COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၉-၉-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် (နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။
၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၇-၁၀-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးဝင်းမော် | ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) |
| (အုပ်ချုပ်မှုဒါရိုက်တာ) | အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊ |
| U M P ENGINEERING | မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ |
| & CONSTRUCTION | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| COMPANY LIMITED | |

---

### CHEIN WIN DANA DISTRIBUTION LIMITED
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၁။ "CHEIN WIN DANA DISTRIBUTION LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၇-၉-၂၀၂၆)ရက်နေ့တွင်ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏ အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ [B.Com(AA), C.P.A (210)]လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အိမ်ရှင်အမျိုးသမီးအားသတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်ခဲ့သူ အိမ်အကူအမျိုးသမီးနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အိမ်ရှင်အမျိုးသမီးအား သတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်ခဲ့သူ အိမ်အကူအမျိုးသမီးနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိစဉ်။



(ဝဲမှယာ တရားခံ အေးမြတ်မွန်(ခ)သူသူ၊ တင်နွယ်)

နေပြည်တော် စက်တင်ဘာ ၉

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ ည ၉ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဒေါ်သိန်းမြင့်(၇၄)နှစ်အား အိမ်အကူဖြစ်သူ တင်နွယ်(၅၈)နှစ်နှင့် ၎င်း၏သမီးဖြစ်သူ အေးမြတ်မွန်(ခ)သူသူ(၁၇)နှစ်တို့နှစ်ဦးမှ နေအိမ်ရှေ့ညှော့ခန်း၌ ဒေါ်သိန်းမြင့်၏ မျက်နှာပေါ်သို့ ခေါင်းအုံးနှင့်စောင်အုပ်၍ သတ်ဖြတ်ကာ ၎င်းဝတ်ဆင်ထားသည့် စိန်နားကပ် ၁ ရန်၊ ပလက်တီနမ်ဆွဲကြိုး ၁ ကုံး၊ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း ၁ လုံး၊ SAMSUNG အမျိုးအစား Tablet ၁ လုံးတို့အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် အရေးယူပေးပါရန် ဒေါ်သိန်းမြင့်၏ ခင်ပွန်းဖြစ်သူ ဦးခင်မောင်(၇၁)နှစ်၏ တိုင်တန်းချက်အရ ဗိုလ်တထောင်မြို့မ ရဲစခန်း (ပ)၅၈၈/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၈ ရက်နေ့ မွန်းလွဲပိုင်းတွင် တရားခံ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကကရံကျေးရွာနေ တင်နွယ်နှင့် အေးမြတ်မွန်(ခ)သူသူတို့နှစ်ဦးအား ကျုံမငေးမြို့ အဝေးပြေးကားဝင်းရှိ “အောင်ချမ်းသာ”ကားဂိတ်၌ သက်သေခံ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း ၁ လုံး၊ SAMSUNG အမျိုးအစား Tablet ၁ လုံး၊ ငွေ ၂၄၅ သိန်းကျပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တင်နွယ်နှင့် အေးမြတ်မွန်(ခ)သူသူတို့အားစစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သော တစ်လကျော်ခန့်မှစတင်၍ ဦးခင်မောင်နှင့်ဇနီးဖြစ်သူဒေါ်သိန်းမြင့်တို့၏ နေအိမ်တွင် အိမ်အကူအဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ ငွေကြေးလိုအပ်ချက်အရ စက်တင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ဦးခင်မောင်သည် အမှတ်(၃)ရပ်ကွက်ရှိ ၎င်းပိုင်မုန့်ဆိုင်သို့ ရောက်ရှိနေစဉ် ဒေါ်သိန်းမြင့်အား အသက်ရှူကျပ်သေဆုံးအောင် မျက်နှာအား ခေါင်းအုံးနှင့်စောင်တို့ဖြင့် ပိတ်၍ သတ်ဖြတ်ခဲ့ပြီး ဒေါ်သိန်းမြင့် ဝတ်ဆင်ထားသည့်စိန်နားကပ် ၁ ရန်၊ ပလက်တီနမ်ဆွဲကြိုး ၁ ကုံး၊ ဖုန်းနှင့် Tablet တို့အား လုယက်ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အိမ်ရှင်ဖြစ်သူအား သတ်ဖြတ်၍လက်ဝတ်ရတနာများနှင့် ဖုန်းများအား လုယက်ယူဆောင်ခဲ့သူ တရားခံတင်နွယ်နှင့် အေးမြတ်မွန်(ခ)သူသူတို့နှစ်ဦးအားသက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

တရားခံ မိုးအောင်(ခ)ဆလိုင်းမိုးအောင်နှင့်အတူ သိမ်းဆည်းရမိ မော်တော်ယာဉ်အား တွေ့ရစဉ်။




## ဖမ်းမိတရားခံများ




## ဖမ်းဆီးရန်ကျန်တရားခံများ




❖ ကျောဖုံးမှအဆက်

(၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၃၀၃၅ ဘီလီယံ)အား ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်စစ်ဆေးချက်အရ စက်တင်ဘာလ ၄ ရက်နေ့တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား ရမည်းသင်းမြို့နယ်၊ ပျဉ်ပြားရွာမှအောင်လံမြို့နယ်၊ ကွမ်းလေးကျေးရွာသို့ သယ်ဆောင်ခိုင်းသူများဖြစ်ကြသည့် နေပိုင်စိုး(ခ)ဂျာကြီး(ခ)အောင်ကျော်မြင့်အား မိတ္ထီလာမြို့၊ ပြည်သာယာ (တောင်)ရပ်ကွက်ရှိ ဟိုတယ်၌ HONDA INSIGHT ယာဉ် ၁ စီးနှင့်လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း ၁၁၅ မိုင်တွင် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် စီမံခန့်ခွဲသူ ကျော်သာ(ခ)အောင်ကျော်နှင့်အတူ ကိုစိုး၊ ယုယုမော်တို့ ၃ ဦးအား စိတ်ကြွဆေးပြား ၁၉၄ ပြား (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၈၈ သိန်း)၊ မြန်မာငွေ ၉၁၇၁၅၀၀ ကျပ်၊ GRAND TIGER ယာဉ် ၁ စီးတို့နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၎င်းတို့၏ ဖော်ထုတ်ချက်အရ စက်တင်ဘာလ ၅ ရက်နေ့တွင် ရဲမင်းအောင်(ခ)ပါးသိုင်းအား ရမည်းသင်းမြို့နယ်၊ ပျဉ်ပြားကျေးရွာရှိ နေအိမ်၌လည်းကောင်း၊ အောင်လံမှ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်သို့ ဆက်လက်သယ်ဆောင်သူမိုးအောင်(ခ)ဆလိုင်းမိုးအောင်အား ပြည်မြို့၊ ပြည်သာယာရပ်ကွက်တွင် NISSAN VANETTE ယာဉ် ၁ စီးနှင့်လည်းကောင်း၊ နေပိုင်စိုး(ခ)ဂျာကြီး(ခ) အောင်ကျော်မြင့်မှစိတ်ကြွဆေးပြားသယ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် PAJERO ယာဉ်အား မိတ္ထီလာမြို့နယ်၊ ကွေ့ကြီးရွာအနီးတွင်လည်းကောင်း သိမ်းဆည်းရမိခဲ့ပါသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်နေ မောင်ဝင်း(ခ)အောင်စိန်(ခ)အောင်သိန်း(ခ)အောင်ထိန်(ဖမ်းဆီးရန်ကျန်)မှ ရမည်းသင်းမြို့နယ်သို့ လာရောက်ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှအောင်လံသို့ ကျော်သာ(ခ)အောင်ကျော်၏အစီအမံဖြင့် သယ်ဆောင်ခြင်းဖြစ်ပြီး အောင်လံမှရခိုင်ပြည်နယ်၊ အမ်းမြို့နယ်သို့ သယ်ဆောင်သူများမှာ မိုးအောင်(ခ)ဆလိုင်းမိုးအောင်၊ ရဲအောင် (ဖမ်းဆီးရန်ကျန်)နှင့် ကိုဦး (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း၊ အမ်းမှ မောင်တောသို့ ဆက်လက်သယ်ဆောင်သူမှာ ရွှေလင်း(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရပါသည်။

စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင်ပါဝင်သည့် ကျော်သာ(ခ) အောင်ကျော်နှင့် ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ အဓိကစီမံခန့်ခွဲသူမောင်ဝင်း(ခ)အောင်စိန်(ခ)အောင်သိန်း(ခ)အောင်ထိန်(ဖမ်းဆီးရန်ကျန်)နှင့် ချိတ်ဆက်၍ ရခိုင်ပြည်နယ်၊ မောင်တောမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆက်လက်ပို့ဆောင်သူမှာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ နိုင်နိုင်ဦးဖြစ်ကြောင်း သိရှိရပါသည်။

ထိုသို့ရှမ်းပြည်နယ်မှရခိုင်ပြည်နယ်သို့စိတ်ကြွဆေးပြားများအကြိမ်ကြိမ်သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

(၁၀၀)

# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအပါအဝင် ဆုအမျိုးစုံအတွက် ဆန်ခါတင်စာရင်းများ ထုတ်ပြန်ကြေညာ

**ဇူးရစ် စက်တင်ဘာ ၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၄ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ပထမအဆင့်ဆန်ခါတင်ကစားသမားဦးရေ ၃၀ စာရင်း အပါအဝင် ဆုအမျိုးစုံအတွက် ဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၄ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ပထမအဆင့် ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာတွင် လက်ရှိ အင်တာမိုင်ယာမီအသင်းမှ မက်ဆီပါဝင်လာသော်လည်း အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုအနေဖြင့် ထပ်မံချန်လှပ်ခံခဲ့ရခြင်းဖြစ်သည်။




ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ကလပ်အသင်းမှစွမ်းဆောင်ရည်နှင့် လက်ရွေးစင်အသင်းမှစွမ်းဆောင်ရည်တို့အပေါ်တွင် မူတည်ပြီး စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကာ မက်ဆီအနေဖြင့် အင်တာမိုင်ယာမီအသင်းနှင့်ကြီးကြီးမားမားအောင်မြင်မှုများ ရရှိခြင်းမရှိသော်လည်း အာဂျင်တီးနားအသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကာ ဒုတိယဆုဆွတ်ခူးနိုင်ပြီးနောက် ပထမအဆင့်ဆန်ခါတင်ကစားသမားဦးရေ ၃၀ စာရင်းတွင် ပါဝင်လာခဲ့ခြင်းသည်။

အလားတူ မက်ဆီသည် ၂၀၀၆ ခုနှစ်မှစတင်ပြီး ၂၀၂၄ ခုနှစ်အထိ ပထမအဆင့် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာသည့်အတွက် နှစ်ပေါင်း ၂၀ နှစ်ဆက်တိုက်ပထမအဆင့် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်နိုင်သည့်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် အစောပိုင်းကတည်းက ရေပန်းစားနေသည့် ဘာစီလိုနာအသင်းမှ ယာမယ်၊ ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘတ်ပီ၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၊ ဘာစီလိုနာအသင်းမှ ရိုဒရီ၊ ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီ၊ ခါဗာရက်ခီလီယာ၊ အာဆင်နယ်အသင်းမှ ဒီကလန်ရိုက်စ်၊ မန်စီးတီးအသင်းမှ ဟာလန်းတို့ ပါဝင်လာကြောင်း သိရသည်။

*Ref;B/R Football*

# ဒဏ်ရာမှပြန်လည်သက်သာပါက ချန်ပီယံခါးပတ်အတွက် ရှက်ချန်ကို ယှဉ်ပြိုင်မည်

**ဝါရှင်တန် စက်တင်ဘာ ၉**

UFC အမျိုးသမီးကမ္ဘာ့ဖလိုင်းဝိတ်တန်းချန်ပီယံဟောင်း ရှက်ချန်ကို၏နည်းပြဖြစ်သူ ဖီဒိုတော့က ရှက်ချန်ကိုအနေဖြင့် ဒဏ်ရာမှပြန်လည်သက်သာလာပါက သူမ၏ချန်ပီယံခါးပတ်အတွက် ပြန်လည်ယှဉ်ပြိုင်သွားမည်ဟု ပြောကြားခဲ့သည်။

ရှက်ချန်ကိုသည်UFC အမျိုးသမီးကမ္ဘာ့ဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်ကို နှစ်ပေါင်းအတန်ကြာ ပိုင်ဆိုင်ထားသူဖြစ်သော်လည်း UFC 332 ပြိုင်ပွဲမတိုင်မီ လေ့ကျင့်စဉ် ပခုံးနှင့်နောက်ကျောတို့တွင် ဒဏ်ရာရရှိခဲ့ပြီး အနည်းဆုံး ရှစ်လခန့်အနားယူရမည့်အခြေအနေကြောင့် ချန်ပီယံခါးပတ်ကို ယာယီစွန့်လွှတ်ကြောင်း ကြေညာထားခြင်းဖြစ်သည်။

ရှက်ချန်ကိုသည် အောက်တိုဘာလ ၃ ရက်တွင် ကျင်းပမည့် UFC 332 ပြိုင်ပွဲတွင် ဘရာဇီးဖိုက်တာ ဆေးလ်ဗားနှင့်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ဒဏ်ရာကြောင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ ချန်ပီယံခါးပတ်စွန့်လွှတ်ခဲ့ရသောကြောင့် UFC 332 ပြိုင်ပွဲတွင် UFC အမျိုးသမီးကမ္ဘာ့ဖလိုင်း ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲအဖြစ် ဆေးလ်ဗားနှင့် တရုတ်ဖိုက်တာ ဝမ်ကွန်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ရှက်ချန်ကိုအနေဖြင့် ချန်ပီယံကာကွယ်ပွဲစဉ် ကိုးပွဲစလုံးအနိုင်ရရှိထားသူဖြစ်ကြောင်း သိရသည်။

*Ref;UFC*

# အက်စ်တွန်ဗီလာအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ဘရူဂျက်အသင်းကိုအနိုင်ရရှိ




**လန်ဒန် စက်တင်ဘာ ၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကို စတင်ကျင်းပခဲ့ပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းသည် ဘယ်လ်ဂျီယံကလပ် ဘရူဂျက်အသင်းကို အနိုင်ရရှိပြီး နိုင်ပွဲစတင်ရရှိခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ၏ အသစ်ပြောင်းလဲကျင်းပနေသည့်စနစ်သစ်အရ ပြိုင်ပွဲဝင်အသင်းတိုင်းအနေဖြင့် အုပ်စုအဆင့်တွင် အိမ်ကွင်းလေးပွဲ၊ အဝေးကွင်းလေးပွဲ ကစားရမည်ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းက အဝေးကွင်းအနေဖြင့် ဘရူဂျက်အသင်းအိမ်ကွင်း၌ ကစားရာ ၃ ဂိုး - ၂ ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် မက်ခ်ဂျင်း၊ ပွဲချိန် ၂၂ မိနစ်တွင် ဘွမ်ဒီယာနှင့် ပွဲချိန် ၄၃ မိနစ်တွင် နီကိုလတ်ဂျက်ဆင်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဘရူဂျက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၉ မိနစ်တွင် ဗက်လီဆန်နှင့် ပွဲချိန် ၆၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ထရီဆိုဒီတို့က သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် အက်စ်တွန်ဗီလာအသင်းသည် အောက်တိုဘာလ ၁၅ ရက်တွင် ဖီနာဘာချီအသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ပြီး ဘရူဂျက်အသင်းက အောက်တိုဘာလ ၁၄ ရက်တွင် အင်တာမီလန်အသင်းအိမ်ကွင်း၌ ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# နှစ်ပေါင်း ၂၀ အတွင်း အေအီးကေအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲနိုင်ပွဲရရှိခဲ့

**အေသင် စက်တင်ဘာ ၉**

ဂရိကလပ် အေအီးကေအသင်းသည် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ်ကစားသည့် လတ်ချ်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ပေါင်း ၂၀ အတွင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

အေအီးကေအသင်းသည် ဂရိစူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ၁၄ ကြိမ်အထိ ဆွတ်ခူးထားပြီး ဂရိထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရလဒ်များဆိုးရွားခဲ့ရသည်။

အေအီးကေအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲကို နှစ်ပေါင်းများစွာ ကစားခွင့်ရရှိခဲ့သော်လည်း အုပ်စုအဆင့်ပွဲစဉ်များတွင် နိုင်ပွဲရရှိခြင်းမရှိဘဲ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အေအီးကေအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၀၀၄ ခုနှစ်က အုပ်စုပွဲစဉ်တစ်ပွဲ အနိုင်ရရှိပြီးနောက်ပိုင်း နှစ်ပေါင်း ၂၀ အတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ ယခုအခါ လတ်ချ်အသင်းကို အဖွင့်ပွဲစဉ်တွင် အနိုင်ရရှိခြင်းကြောင့် နှစ်ပေါင်း ၂၀ အတွင်း နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆာဘာလင်ကာ ဆီမီးဖိုင်နယ်တက်ရောက်

**ဝါရှင်တန် စက်တင်ဘာ ၉**

လက်ရှိ အမေရိကန်နိုင်ငံ၌ ကျင်းပနေသည့် ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် ဆာဘာလင်ကာအနေဖြင့် ချက်တင်းနစ်မယ် နော့စ်ကိုဗာနှင့် ကစားရာ နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



ဆာဘာလင်ကာသည် နော့စ်ကိုဗာနှင့်ပွဲစဉ်တွင် ပထမပွဲငယ်၌ (၇-၆)ရလဒ်ဖြင့် အနိုင်ရရှိသော်လည်း ဒုတိယပွဲငယ်တွင် (၃-၆)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးပွဲစဉ်တွင် အကြိတ်အနယ်ကစားခဲ့ရကာ (၇-၆)ရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာက "ပြိုင်ပွဲမှာ ကမ္ဘာ့အဆင့်(၁)ကစားသမားဆိုတာကို မေ့ထားပြီး အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ နော့စ်ကိုဗာက ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ အကောင်းဆုံးပုံစံရရှိအောင် သေချာအာရုံစိုက်နိုင်ခဲ့လို့ အခုလို ပြိုင်ဘက်ကောင်းတစ်ယောက်ကို အနိုင်ရရှိခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

အမျိုးသမီးတင်းနစ် ကစားသမား ဆာဘာလင်ကာသည် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် စက်တင်ဘာလ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;WTP*

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၃၁-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်)သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | နာရီမှ | **၁၁၀၀** | နာရီအထိ။ |
| (၂) | **ဇီဝဗေဒနှင့် ဓာတုဗေဒ** | **၁၃၀၀** | နာရီမှ | **၁၅၀၀** | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | နာရီမှ | **၁၁၀၀** | နာရီအထိ။ |
| (၂) | **သင်္ချာ** | **၁၃၀၀** | နာရီမှ | **၁၅၀၀** | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | နာရီမှ | **၁၁၀၀** | နာရီအထိ။ |
| (၂) | **သင်္ချာ** | **၁၃၀၀** | နာရီမှ | **၁၅၀၀** | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | **နေပြည်တော်** | အမှတ်(၃) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) | **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) | **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) | **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) | **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) | **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) | **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) | **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) | **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) | **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ။ |
| (ဋ) | **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ။ |
| (ဌ) | **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) | **တောင်ငူမြို့** | အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
DENTOMEC
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် -နေပြည်တော် -တောင်ကြီး -မုံရွာ -မန္တလေး -ပြင်ဦးလွင် -ကျောက်ပန်းတောင်း -ချောက် -ဆိပ်ဖြူ -ပုဂံ(ညောင်ဦး) -ပခုက္ကူ
မကွေး -မိတ္ထီလာ -မြင်းခြံ -ပုသိမ် -မော်လမြိုင် -သံဖြူဇရပ် -ကျိုက္ကမီ -တောင်ငူ -ဆွာ -ရေနီ -ပဲခူး -ညောင်လေးပင် -ဘားအံ -မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
“ မှန်သည် မြန်သည် မြဝတီ ”
MPU
UnionPay
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
Phone No : (01) 2301367, 2301368, 2301452, 2301378
~ (01) 2301421, 2317166

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။




## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း တံခွန်စိုက်ဆုဖလားဆွတ်ခူးရရှိ

**နေပြည်တော် စက်တင်ဘာ ၉**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ **စာမျက်နှာ ၂၅ ကော်လံ ၁ ➧**

## တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲစတင်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ လူငယ်မျိုးဆက်သစ်ဂျူဒိုအားကစားသမားများပေါ်ထွက်လာစေရေး၊ အရည်အသွေးမြင့်လက်ရွေးစင်အားကစားသမားများ ရွေးချယ်မွေးထုတ်ပေးနိုင်စေရေးနှင့် မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် **စာမျက်နှာ ၁၆ ကော်လံ ၁ ⇒**





## 2026 FIFA ASEAN CUP
## အုပ်စုပြိုင်ပွဲ ဗိုလ်လုပွဲတက်ရန် မြန်မာအသင်း ကမ္ဘောဒီးယားအသင်းကို အဓိကယှဉ်ပြိုင်ရမည်

**ရန်ကုန် စက်တင်ဘာ ၉**

စက်တင်ဘာလ ၂၄ ရက်မှ အောက်တိုဘာလ ၅ ရက်အထိ ကျင်းပမည့် 2026 FIFA ASEAN Cup ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုရလဒ်များနှင့် ပုံစံပြောင်းလဲမှုများကို တရားဝင်အတည်ပြု ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ အဆိုပါထုတ်ပြန်ချက်အရ မြန်မာ့လက်ရွေးစင်အသင်းသည် Division 2 ၏ **စာမျက်နှာ ၁၄ ကော်လံ ၁ ▲**

## နိုင်ငံတကာ မသန်စွမ်းထိုင်လျက်ဘော်လီဘောပြိုင်ပွဲ မြန်မာအသင်း အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပလျက်ရှိသည့် နိုင်ငံတကာမသန်စွမ်းထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဘော်လီဘောအသင်းသည် အုပ်စု(B)ပွဲစဉ်များ၌ ပြိုင်ဘက်အသင်းများကို ဆက်တိုက်အနိုင်ရရှိခဲ့ပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အုပ်စု (B)တွင် ဆားဘီးယား၊ အာဖဂန်နစ္စတန်တို့နှင့်အတူ ကျရောက်ခဲ့သည့် မြန်မာအသင်းသည် ပထမပွဲစဉ်အဖြစ် ဒေသစံတော်ချိန် နံနက် ၉ နာရီ၌ **စာမျက်နှာ ၁၇ ကော်လံ ၆ →**




### ခိုလမ်ကြိုးပြင် ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(c)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၀၇၅၅) ဧကရှိသောနယ်မြေကို **“ခိုလမ်ကြိုးပြင်ကာကွယ်တော”** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)မှစ၍ သတ်မှတ်လိုက်သည်။ **စာမျက်နှာ ၁၄ ကော်လံ ၅ ➥**

### တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာ - ၁၈ သို့

### ဘင်္ဂလားဒေ့ရှ်မှာ ဖြစ်တဲ့ ဝက်သက်ရောဂါကြောင့် သေဆုံးသူ ၁၀၀၀ ကျော်လာ

စာ - ၂၀ သို့

## ပျော်ဘွယ်မြို့နယ်တွင် ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၈ သိန်းကျော်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၄ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန် ပျော်ဘွယ်မြို့နယ်၊ ဆိတ်ချိုကျေးရွာအုပ်စု၊ ကံစွယ်ကျေးရွာအနီး ပျော်ဘွယ်-နတ်မောက်သွားကားလမ်းတွင် နီဝင်းမောင်နှင့်ပြီး သိန်းထွန်း လိုက်ပါလာသည့် MINIBUS ယာဉ်အား သတင်းအရ စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၈ ဒသမ ၆၉ သိန်း **စာမျက်နှာ ၂၇ ကော်လံ ၁ ❖**

တရားခံ ရဲမင်းအောင်(ခ) ပါးသိုင်း၊ နေပိုင်စိုး(ခ)ဂျာကြီး(ခ) အောင်ကျော်မြင့်၊ သိန်းထွန်း၊ နီဝင်း၊ ကိုစိုး၊ ကျော်သာ(ခ) အောင်ကျော်နှင့်ယုယုမော်(ဝဲမှယာ) တို့အား သိမ်းဆည်းရမိသည့်စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

